စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# စျင်ဗုဒ္ဓဘာသာ

ပါရဂူ



Photo by Will Swann on Unsplash

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

ISBN 9789997119537
PYG59
9 789997 119537
2,200.00KS

mgyoe.com

ရှင်ဗုဒ္ဓဘာသာ၊ ပါဠိ
စာမျက်နှာ ၁၂၄ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၄၊ ချင်းတွင်းစာပေ၏ ပထမအကြိမ်မှု

ရောင်းဈေး ၂၂၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

နိုင်ငံတကာမှ ဗုဒ္ဓဘာသာ ဂိုဏ်းကွဲတစ်ခုအကြောင်းကို လေ့လာသူများအတွက် ဆရာပါရဂူက ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။

မိမိတို့၏ ထေရဝါဒအနှစ်သာရကို ပို၍ သိမြင်ကြည်ညိုနိုင်ရန် ရည်ရွယ်၍ ပြန်လည်ထုတ်ဝေပါသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

–စကားဦး က

၁။ ချင်းသမိုင်း

– ချင်းအစ ၁

– ချင်းဥဿျောင် နှစ်ဆယ့်ရှစ်ပါး ၅

– ဖောခိမ္မေ ၇

– ဖောခိမ္မေ၏စာ ၁၀

– ချူကွမ်နှင့် ပိကွမ် ၁၉

– ချင်းနှင့်နီးစပ်သော သုတ္တန်များ ၂၂

– ဖောခိမ္မေ၏ နောက်ပိုင်းဘဝ ၂၄

– ချင်းဒုတိယဥဿျောင် ၂၈

– ဟိကီ၏တရား ၃၁

– တတိယချင်းဥဿျောင် ၃၃

– စတုတ္ထချင်းဥဿျောင် ၃၅

mgyoe.com

mgyoe.com


– ပဥ္စမမင်းဥသျှောင် ၃၇

– ဆဋ္ဌမမင်းဥသျှောင် အရိုက်အရာ ၃၉

– ဆဋ္ဌမမင်းဥသျှောင် ၄၃

– တောင်ပိုင်းဂိုဏ်းနှင့် မြောက်ပိုင်းဂိုဏ်း ၄၇

– ဟိနင်၏တရား ၅၁

– ဂျပန် ဇင်ဗုဒ္ဓဘာသာ ၅၄

– အိဆိုက် ၅၇

– ဒိုဂျင် ၅၉

၂။ ဇင်၏ ဝိသေသလက္ခဏာ

– တရားအမှန်သည် ကျမ်းဂန်၏အပြင်ဘက်၌ရှိခြင်း ၇၁

– စာပေကျမ်းဂန်များပေါ်၌ အမှီပြုမနေခြင်း ၇၃

– မိမိ၏စိတ်နှလုံးကို တိုက်ရိုက်ညွှန်ပြခြင်း ၇၆

– မိမိ၏သဘာဝကို ရှုမြင်သုံးသပ်ခြင်းအားဖြင့်သာလျှင်
ဗုဒ္ဓအဖြစ်ကို ရရှိနိုင်ခြင်း ၇၇

၃။ ကိုအန်နှင့် ဇာဇင်

– ကိုအန် ၈၂

– ဇာဇင် ၈၈

၄။ ဆာတိုရီ ၁၀၈


❒

mgyoe.com

mgyoe.com



# စကားဦး

'ဈင်'သည် ဂျပန်စကားဖြစ်သည်။ တရုတ်လို 'ချန်' ဟုခေါ်သည်။ ဈင်ဟူသော ဂျပန်စကားလုံးသည်လည်းကောင်း၊ ချန်ဟူသော တရုတ် စကားလုံးသည်လည်းကောင်း၊ သက္ကတစကားလုံး 'ဓျာန'ကို သို့မဟုတ် ပါဠိစကားလုံး ဈာန (ဈာန်) ကို မိမိတို့ အသံထွက်ဖြင့် အသီးသီး ခေါ်ဝေါ်သည့် စကားလုံးများဖြစ်ပေသည်။ ထို့ကြောင့် ဈင်ကို ဇကွဲနှင့်မရေးဘဲ ဈမျဉ်းဆွဲနှင့် ရေးသားလိုက်ရခြင်းဖြစ်ပေသည်။ ဓျာနသို့မဟုတ် ဈာန (ဈာန်)၊ သို့မဟုတ် ဈင်၏အဓိပ္ပာယ်မှာ စိတ်ကိုတည်ငြိမ်မှု ရရှိအောင် အလေ့အကျင့်ပြုခြင်း ဖြစ်လေသည်။

'ဈင်'၏အဓိပ္ပာယ်မှာ စိတ်နှလုံးတည်ငြိမ်မှုရအောင် အလေ့အကျင့်ပြုခြင်း အဓိပ္ပာယ်ရသော်လည်း စိတ်နှလုံး တည်ငြိမ်မှုရအောင် အလေ့အကျင့်ပြုလုပ်သော ဈင်သည် ပုံစံအမျိုးမျိုး ရှိလေသည်။ တရုတ်ပြည် တန်ခေတ် (၆၁၈–၅၀၇ အေဒီ) ၌ ဆန်မီ (ဂျပန်–ရှူမစ်ဆု) သည် ဈင်ကို ငါးမျိုးငါးပါး ခွဲခြားပြထားသည်။

ယင်းငါးမျိုးအနက် ပထမဈင်မှာ ရိုးရိုးဈင်ဖြစ်လေသည်။ ယင်းကို ဂျပန်ဘာသာဖြင့် 'ဘွန်ပူ'ဟု ခေါ်သည်။ ရိုးရိုးဈင်၌ အဘိဓမ္မာအမြင်လည်း မရှိပေ။ ဘာသာတရားအခြေခံလည်း မရှိပေ။ မည်သူမဆို အားထုတ်နိုင်သည့် အလေ့အကျင့်ဖြစ်သည်။

mgyoe.com

mgyoe.com



ကိုယ်ကျန်းမာမှုနှင့် စိတ်ကျန်းမာမှု ရှိစေလိုသည့် ရည်ရွယ်ချက် သက်သက်ဖြင့် အားထုတ်သည့် အလေ့အကျင့်ဖြစ်သည်။ ရိုးရိုး ဈင်သည် ဆိုးကျိုးတစ်စုံတစ်ရာ မရှိသဖြင့် မည်သည့်ဘာသာ တရားကို ကိုးကွယ်သူဖြစ်ဖြစ် အားထုတ်၍ရသည့် အလေ့အကျင့် ဖြစ်သည်။ မည်သည့်ဘာသာတရားကိုမှ မကိုးကွယ်သူလည်း ရိုးရိုးဈင်ကို ကျင့်ကြံအားထုတ်နိုင်သည်။ ရိုးရိုးဈင်သည် စိတ်၏ အနာရောဂါကို ပျောက်ကင်းစေနိုင်ပြီး ကျန်းမာရေးကို တိုးတက် ကောင်းမွန်စေနိုင်သည်။

ရိုးရိုးဈင်ကို လေ့ကျင့်ခြင်းအားဖြင့် မိမိ၏စိတ်ကို တည်ငြိမ် အောင် ချုပ်ကိုင်နိုင်သည်။ နီတိပညာနှင့် အဘိဓမ္မာဆိုင်ရာ ကျမ်း စာအုပ်ပေါင်း အရာအထောင်ကို ဖတ်ခြင်းထက် ရိုးရိုးဈင်ကို ကျင့်ကြံအားထုတ်ခြင်းက စိတ်နှလုံးတိုးတက်မှုအတွက် ပိုမိုပြီး အကျိုးဖြစ်ထွန်းနိုင်ပေသည်။ သို့ရာတွင် ယင်းအလေ့အကျင့် သည် လူ၏အခြေခံပြဿနာကိုလည်းကောင်း၊ လူနှင့် စကြဝဠာ ၏ဆက်သွယ်မှု အခြေခံပြဿနာကို လည်းကောင်း ဖြေရှင်းရာ၌မူ မစွမ်းဆောင်နိုင်ပေ။

ဒုတိယဈင်ကား 'ဂျီဒို' ဟုခေါ်သည်။ ဂျီဒိုမှာ 'အပြင်ဈင် နည်းလမ်း' ဟု အနက်အဓိပ္ပာယ်ရသည်။ ဗုဒ္ဓဘာသာအပြင်ဘက် က နည်းလမ်း၊ ဗုဒ္ဓ ဘာသာမဟုတ်သည့် နည်းလမ်းဟု ဆိုလို သည်။ ယင်းဈင်သည် အဘိဓမ္မာ ရေးရာနှင့် ပတ်သက်သည်။ ဘာသာတရားနှင့်လည်း စပ်ဆိုင်သည်။ သို့သော် ဗုဒ္ဓဘာသာကား မဟုတ်ပေ။ ဟိန္ဒူယောဂအကျင့်၊ ကွန်ဖြူးရှပ်၏ ဆိတ်ငြိမ်စွာ ထိုင်နည်း၊ ခရစ်ယာန်ဘာသာ၏ သမာဓိရရှိရေး အလေ့အကျင့် တို့သည် ဤဒုတိယဈင် အမျိုးအစားထဲ၌ အကျုံးဝင်လေသည်။

ဒုတိယဈင်၏ထူးခြားချက်တစ်ခုမှာ ရံဖန်ရံခါ တန်ခိုးဣဒ္ဓိပါဒ် အမျိုးမျိုးကို ရရှိရေးအတွက်လည်းကောင်း၊ ရိုးရိုးလူသားတို့ မစွမ်းနိုင်သည့် အတတ်ပညာများကို ရရှိရေးအတွက်လည်း ကောင်း၊ ဒုတိယအမျိုးအစား ဈင်ကို ကျင့်ကြံအားထုတ်ကြလေ

mgyoe.com

mgyoe.com

သည်။ လောကတွင် ရိုးရိုးလူတို့ မစွမ်းနိုင်သည့် တန်ခိုးဣဒ္ဓိပါဒ်မျိုးနှင့် ပြည့်စုံနေသူများကိုလည်းကောင်း၊ ရိုးရိုးလူတို့၏ အရာမဟုတ်သည့် အတတ်ပညာမျိုး တတ်ကျွမ်းနေသူများကို လည်းကောင်း တွေ့ကြရလေသည်။ ထိုပုဂ္ဂိုလ်များ၏ အစွမ်းသတ္တိမှာ စိတ်နှလုံးသမာဓိရအောင် အလေ့အကျင့်ပြုလုပ်ရာမှ ပေါ်ပေါက်လာသည့် စိတ်တန်ခိုး၏ အာနိသင်များ ဖြစ်လေသည်။

ဒုတိယအမျိုးအစားဈင်၏ ရည်မှန်းချက်တစ်ခု ရှိသေးသည်။ အချို့ပုဂ္ဂိုလ်များမှာ နောင်ဘဝတွင် နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ မွေးဖွားရန်အတွက် ရည်ရွယ်ချက်ဖြင့် ဈင်အကျင့်ကို ကျင့်ကြံအားထုတ်ကြသည်။ အချို့သော ဟိန္ဒူဘာသာဂိုဏ်းဝင် ပုဂ္ဂိုလ်တို့သည် ကောင်းကင်ဘုံသို့ရောက်ရန် ဈင်အကျင့်ကို ကျင့်ကြံအားထုတ်ကြသည်။ ယင်းရည်ရွယ်ချက်မှာ ဈင်ဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်မဟုတ်ပေ။ ဈင်ဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်မှာ လူ့ဘဝ၌မွေးဖွားပြီး နောက်ဆုံးပိတ်၌ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိရေးအတွက် ဈင်အကျင့်တရားကို ကျင့်ကြံအားထုတ်ရန်သာ ဖြစ်လေသည်။

တတိယဈင်ကား 'ရှိဂျို' ဟုခေါ်သည်။ ဟိနယာနဟု အဓိပ္ပာယ်ရသည်။ ဟိနယာန သို့မဟုတ် ထေရဝါဒ ဗုဒ္ဓဘာသာဂိုဏ်းဝင်များ ကျင့်သုံးသည့် 'ဈင်' ကျင့်စဉ်ကို ဈင်အမျိုးအစားခွဲခြားသူက တတိယအမျိုးအစားထဲတွင် သွတ်သွင်းထားလေသည်။

စတုတ္ထဈင်မှာ 'ဒိုက်ဂျို' ဟုခေါ်သည်။ မဟာယာန ဂိုဏ်းဝင်များ ကျင့်ကြံအားထုတ်သည့် ဈင်ဖြစ်လေသည်။ ယင်းဈင်၏ အဓိကရည်ရွယ်ချက်မှာ မိမိ၏အတွင်းသဘာဝကို ကြည့်ပြီး ဉာဏ်အလင်း သိမြင်ရရှိရေး ဖြစ်လေသည်။ ဗုဒ္ဓဘာသာသည် သစ္စာဉာဏ်အလင်း ရရှိရေးအတွက် ကြိုးပမ်းအားထုတ်သော ဘာသာတရားဖြစ်လေသည်။ ဗုဒ္ဓသည် သတ္တဝါအပေါင်းတို့အား ကိုယ့်သဘာဝကို သိမြင်သဘောပေါက်စေရန် ညွှန်ကြား ဟောပြောတော်မူခဲ့လေသည်။ ဗုဒ္ဓ၏ ယင်းတရားဒေသနာတော်သည်ဆရာ

mgyoe.com

mgyoe.com



စဉ်ဆက်မှ တပည့်စဉ်ဆက်အထိ ဆင်းသက်လာခဲ့သည်။ ထို့ကြောင့် ဆာရိတိုခေါ် ဉာဏ်အလင်း သိမြင်သဘောပေါက်ရေးကို ဦးစားပေးသည့် ဂိုဏ်းချုပ်ကို မှသာလျှင် ဒိုက်ဂျိုချုပ် မည်ပေသည်။ ပဋ္ဌမချုပ်ကား 'ဆိုက်ဂျိုဂျိုချုပ်' ဟု ခေါ်သည့် အမြင့်ဆုံးချုပ် ဖြစ်သည်။ ယင်းချုပ်မှာ သကျမုနိဗုဒ္ဓနှင့် အမိတာဘာဗုဒ္ဓတို့ ကျင့်ကြံအားထုတ်သည့် ချုပ်ဖြစ်သည်ဟု ဆိုလေသည်။

ဗုဒ္ဓဘာသာဂိုဏ်းများ မည်သို့ပင် ကွဲပြားနေစေကာမူ ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာကျင့်စဉ်၌ ဈာနခေါ် စိတ်နှလုံး တည်ငြိမ်မှုရရှိအောင် ကျင့်ကြံအားထုတ်သည့် အလေ့အကျင့် သည် အဓိကအခန်းက ပါဝင်ပေသည်။ သီလပြီးမှ သမာဓိလာ သည်။ သမာဓိရရှိမှ ပညာ (အမြင့်ဆုံးအသိဉာဏ်) ရရှိသည်။ ယင်းသို့အားဖြင့် သီလနှင့်ပညာ၏အကြားတွင် စိတ်နှလုံး တည်ငြိမ်မှု သမာဓိအဆင့် ရှိနေသည်။ အကျင့်သီလ ခေါင်းပါး သူတို့သည် သမာဓိရရှိဖို့ မလွယ်ပေ။ သမာဓိမရှိသူသည် ပညာ နှင့် ဝေလာဝေးသည်။ သမာဓိနှင့်ကင်း၍ ပညာမရရှိနိုင်။ ပညာနှင့် ကင်း၍လည်း သမာဓိဖြစ်မလာ။ ယင်းကျင့်စဉ်ကို ဗုဒ္ဓဘာသာဝင် အားလုံးတို့က လက်ခံနာယူကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အားလုံးသည် ဗုဒ္ဓညွှန်ပြတော် မူခဲ့သည့် သမာဓိကျင့်စဉ်ကို မိမိတို့၏ အခြေအနေအရ လိုက်နာကျင့်သုံးကြပေသည်။ သမထ နှင့် ဝိပဿနာသည် ဗုဒ္ဓဘာသာဝင်တို့ ကျင့်သုံးနေကြသည့် ကျင့်စဉ်များ ဖြစ်ပေသည်။

ယင်းသို့အားဖြင့် သမာဓိကျင့်စဉ်၏ အရေးပါမှုကို ဗုဒ္ဓ ဘာသာဝင် အားလုံးတို့ ထိန်းသိမ်းထားကြသော်လည်း သမာဓိ ကျင့်စဉ်ကို အထူး ဦးစားပေးပြီး 'ချုပ်' ဗုဒ္ဓဘာသာဟူ၍ အမည် နာမ မှည့်ခေါ်ထားသည့် ဗုဒ္ဓဘာသာဂိုဏ်းမှာမူ ၆–ရာစု နှစ်လောက်ကမှ တရုတ်ပြည်၌ ထွန်းကားလာပြီး တရုတ်ပြည်မှ တစ်ဆင့် ဂျပန်ပြည်တွင် ပြန့်ပွားလာခဲ့လေသည်။ ယင်း ချုပ်ဗုဒ္ဓ ဘာသာဂိုဏ်း၏ မျိုးစေ့ကိုချသူမှာ အိန္ဒိယမှ တရုတ်ပြည်သို့

mgyoe.com

mgyoe.com



ရောက်သွားသော ဗောဓိဓမ္မထေရ်အရှင် ဖြစ်လေသည်။

အက္ခရာတင်ထားသော အိန္ဒိယဗုဒ္ဓဘာသာသမိုင်း၌ ဈင်ဂိုဏ်းအကြောင်း တစ်စုံတစ်ရာ ရေးသားမှတ်တမ်းတင်ထားခြင်း မရှိပေ။ အသောက မင်းတရားကြီး၏လက်ထက်အထိ ဖြစ်ပေါ်ပေါက်ဖွားလာခဲ့သော ဗုဒ္ဓဘာသာဂိုဏ်းကြီး ဆယ့်ရှစ်ဂိုဏ်းများထဲတွင် လည်းကောင်း၊ နောက်ပိုင်းပေါ်ပေါက်လာသော ဗုဒ္ဓဘာသာ အဘိဓမ္မာဂိုဏ်းကြီးများထဲတွင် လည်းကောင်း၊ ဈင်ဂိုဏ်း၏ အရိပ်အမြွက်မျှကိုပင် မတွေ့ရပေ။ ဈင်ဂိုဏ်းကဲ့သို့ ယောဂ အကျင့်ကို ဦးစားပေးသော ယောဂါစာရဂိုဏ်းမူ ရှိခဲ့သည်။ ဈင်ဂိုဏ်းဟူ၍ သီးသန့်ရှိခဲ့ကြောင်း မှတ်တမ်းတင် အထောက်အထားများကို မတွေ့ရသော်လည်း တရုတ်ဈင်ဗုဒ္ဓဘာသာ အစဉ်အလာ ယူဆချက်အရမူ ဈင်အစဉ်အလာသည် ဗုဒ္ဓခေတ်ကပင် အိန္ဒိယနိုင်ငံ၌ အစပြုသည်ဟု အဆိုရှိလေသည်။ သို့ရာတွင် သမိုင်းဆရာတို့ကမူ ယင်း အဆိုကို လက်မခံကြပေ။

ဈင်ဗုဒ္ဓဘာသာ၌ ရည်မှန်းချက် ရရှိအောင်မြင်ရေးအတွက် ယေဘုယျအားဖြင့် နည်းလမ်းသုံးမျိုးကို အသုံးပြုကြသည်။ ပထမနည်းမှာ နံရံ ကိုကြည့်ပြီး ကမ္မဋ္ဌာန်းထိုင်သည့်နည်း ဖြစ်သည်။ ယင်းကို 'ဇာဈင်'ဟု ခေါ်သည်။ ဈင်ပထမဉဿျောင် ဗောဓိဓမ္မအရှင်သည် နှစ်ပေါင်းများစွာ တိတိ ယင်းကဲ့သို့ နံရံကို ကြည့်ပြီး မရပ်မနား ကမ္မဋ္ဌာန်းထိုင်သည်ဟု အဆိုရှိလေသည်။ ဒုတိယနည်းလမ်းမှာ အမေးအဖြေပြုလုပ်ခြင်းအားဖြင့် အမှန်တရားကို သိမြင်သဘောပေါက်စေသော နည်းလမ်းဖြစ်သည်။ ယင်းနည်းလမ်းကို 'မင်ဒို'ဟုခေါ်သည်။ ယင်းနည်းလမ်းအရ ဆရာလုပ်သူမေးသော ခက်ခဲသည့်မေးခွန်းကို တပည့်သည် မဆိုင်းမတွဘဲနှင့် အဖြေပေးရလေသည်။ ယင်းသို့အဖြေပေးရာ၌ တပည့်သည် တစ်စုံတစ်ခု တွေးတောကြံဆခြင်းမရှိဘဲ နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာသည့် အဖြေကို ပေးရလေသည်။ တတိယနည်းလမ်းမှာ 'ကိုအန်'အလေ့အကျင့် ဖြစ်သည်။ ကိုအန်

mgyoe.com

mgyoe.com



အလေ့အကျင့်၌ ဆရာကပဟေဠိကို ပေးသည်။ တပည့်က ယင်း ပဟေဠိကို ဖြေရှင်းပြီး ပဟေဠိထဲ၌ ကွယ်ဝှက်နေသော လျှို့ ဝှက်ချက်ကို သိအောင်လုပ်ရသည်။ ယင်းနည်းလမ်းများကို အသုံး ပြုပြီးနောက် အောင်မြင်ရောက်ရှိသွားသော အဆင့်သည် 'ဆာတိုရီ' ဖြစ်လေသည်။ ဇောခိဉာဏ်အလင်းဟု အဓိပ္ပာယ်ရလေသည်။

တရုတ်လူမျိုးတို့၏ အတွေးအခေါ်သည် အိန္ဒိယလူမျိုး တို့၏ အတွေးအခေါ်ထက် လက်တွေ့ကျသည်။ သို့ဖြစ်၍ တရုတ်ပြည်၌ လူ့ဘဝ၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ထမ်း ရွက်ရင်း အတွင်းအဇ္ဈတ္တအမြင် အသိရှင်သန်ကြီးထွားရေး အတွက် အလေးအနက်ထား၍ ကြိုးစားအားထုတ်ကြလေသည်။ အစဉ်အလာ ယူဆလာခဲ့ကြသည့် ရှေးဟောင်းအယူအဆများ၏ အနှောင်အဖွဲ့မှ လူ၏စိတ်ကို လွတ်မြောက်စေရန် ဈင်ဆရာ တို့သည် မနေမနား ကြိုးစားအားထုတ်ခဲ့ကြသည်။

ဈင်ဗုဒ္ဓဘာသာဝင်တို့သည် ဓမ္မကျမ်းဂန်များအပေါ်တွင် မှီမနေကြပေ။ အကြောင်းမူကား သူတို့သည် ဓမ္မကျမ်းဂန်များက မပေးစွမ်းနိုင်သည့် ကိုယ်ပိုင်အတွေ့အကြုံကို လိုလားသူများ ဖြစ်သောကြောင့်တည်း။ သို့ရာတွင် လင်္ကာဝတာရသုတ်ကိုမူ မိမိ တို့၏ အားထားရာ အခြေခံကျမ်းဂန်အဖြစ် ထင်မြင်ယူဆကြ သည်။ ဝဇရိစ္ဆေဒိကာသုတ်ကိုလည်း အလေးအနက်ထားကြ သည်။ ပညာပါရမီတာသုတ်ကိုမူ ဈင်ဂိုဏ်းကျောင်းတိုက်များ၌ နေ့စဉ် နေ့တိုင်း နံနက်အချိန်တွင် ရွတ်ဖတ်သရဇ္ဈာယ်ကြသည်ဟု သိရှိရပေသည်။

ဈင်ဆရာအရှင်တို့သည် စိတ်ရွှင်သူများဖြစ်ကြသည်။ မျက်မြင်လောကကို အမှုမထားကြပေ။ ဘဝ၏ အရာဝတ္ထုမှန် သမျှ သူတို့အတွက် လေးနက်သောအရာများ ဖြစ်ကြသည်။ တစ်ပြိုင်နက်တည်းမှာပင် ပျော်ရွှင်စရာများလည်း ဖြစ်နေပေ သည်။ သူတို့သည် ဆင်းရဲခြင်းကို နှစ်သက်ကြသည်။ မိမိတို့အား လေးစားမြတ်နိုးမှု မပြုစေရန် မိမိတို့ကိုယ်ကို သရော်စရာပုဂ္ဂိုလ်၊

mgyoe.com

mgyoe.com



ရယ်စရာပုဂ္ဂိုလ်မျိုးဖြစ်အောင် ဖန်တီးနေတတ်ကြသည်။

ဇျင်ဆရာအရှင်တို့သည် မိမိတို့၏တပည့်များအား ဉာဏ်အလင်း ရရှိစေရန်အတွက် ထိုးတတ်ကြသည်။ ရိုက်တတ်ကြသည်။ ကန်တတ်ကြသည်။ ကြိမ်းမောင်း ဟိန်းဟောက်တတ်ကြသည်။ ဇျင်ဗုဒ္ဓဘာသာသည် မိမိကိုယ်တိုင် တွေ့ကြုံသိမြင်ရေးကို အလေးထားသည်။ ထို့ကြောင့် သဘောတရားရေး၊ ဝါဒရေးကို အလေးဂရုမပြုပေ။ ဝေါဟာရစကားလုံးများသည် သစ္စာတရားကို ဖော်ပြနိုင်စွမ်းရှိသည်ဟုလည်း ဇျင်ဗုဒ္ဓဘာသာဝင်တို့သည် မယုံကြည်ပေ။ ဘာသာဝေါဟာရတို့၏ ယင်းအခြေအနေကြောင့် သူတို့သည် အမှန်တရားကို ဖော်ထုတ်ရေးအတွက် များသောအားဖြင့် ဆန့်ကျင်ဘက်စကား၊ အမြီးအမောက်မတည့်ဟုထင်ရသည့်စကားများကို အသုံးပြုတတ်သည်။ ဇျင်ဆရာ အရှင်တစ်ဦးဖြစ်သည့် ဖုဒါယရှိ (၄၉၇–၅၆၁ အေဒီ) ၏ နာမည်ကျော်လင်္ကာတစ်ခုမှာ ဤသို့ဖြစ်သည်။

"ကျွန်ုပ်သည် လက်ချည်း သွားနေသည်။
ကြည့်ပါ၊ ကျွန်ုပ်၏လက်ထဲတွင် ပေါက်တူးပါလာသည်။
ကျွန်ုပ် ခြေကျင်သွားနေသည်။
သို့သော် နွားတစ်ကောင်၏ ကျောက်ကုန်းပေါ်ထိုင်၍ သွားသည်။
ကျွန်ုပ် တံတားပေါ်က ဖြတ်ကျော်သွားသည့်အခါ၌
ကြည့်ပါ၊ ရေသည် စီးဆင်းမနေပေ။
သို့သော် တံတားကမူ စီးဆင်းနေသည်"

ယင်းကဲ့သို့ အမြီးအမောက်မတည့်ဟု ထင်ရသော စကားများသည် ဇျင်ဗုဒ္ဓဘာသာ စာပေထဲ၌ အများအပြားတွေ့ရသည်။ "လက်ခုပ်နှစ်ဖက်တီးလျှင် အသံမြည်သည်။ လက်ခုပ်တစ်ဖက်တည်းတီး၍ မြည်သောအသံ ကို နားထောင်ပါ" ဟူသော စကားမျိုးသည် ယင်းကဲ့သို့သော စကားမျိုး ဖြစ်ပေသည်။ ဇျင်ဗုဒ္ဓဘာသာ၌ ယင်းကဲ့သို့သာ ဆန့်ကျင်ဘက်စကား၊ အမြီးအမောက်

mgyoe.com

mgyoe.com


မတည့်သည့် စကားများကို အသုံးပြုခြင်းမှာ လူတို့၏ သာမန် ရိုးရိုး စူးစမ်းကြံဆမှုသည် လူ၏နက်နဲသော အဓ္ဈတ္တလိုအပ်ချက်ကို မဖြည့်တင်းနိုင်။ ယင်းအတွက် ဆန့်ကျင်ဘက် စကားမျိုး အမြီးအမောက်မတည့်သည့် စကားမျိုး လိုအပ်၏ဟူသော အဓိပ္ပာယ်ကို သိရှိစေရန်အတွက် ဖြစ်ပေသည်။ လူတို့အား သူတို့ ရင်းနှီးနေသည့် လွဲမှားသော ယုံကြည်ချက်များကို ပယ်စွန့်စေရန်နှင့် ထူးခြားသည့် လှုံ့ဆော်မှုပေးရန်အတွက် ဈင်ဆရာအရှင်တို့သည် ယင်းကဲ့သို့သော ဆန့်ကျင်ဘက်စကား၊ အမြီးအမောက် မတည့်ဟု ထင်ရသော စကားများကို အသုံးပြုကြလေသည်။

သစ္စာတရားသည် စကားဖြင့် ထုတ်ဖော်ပြောပြ၍ မရဟု ဈင်ဗုဒ္ဓ ဘာသာဝင်တို့က အယူရှိကြသည်။ သစ္စာတရားကို 'ဟုတ်၏'၊ 'မဟုတ်၏' ဟူသော ဘောင်နှင့်ခတ်ထား၍ မရပေ။ သစ္စာသည် ယင်းဘောင်များ၏ အပြင်ဘက်ကဖြစ်သည်။ ဈင်ဆရာအရှင်တစ်ဦးက ဤသို့ဆိုသည် " 'ဤဟာမဟုတ်ဘူး' ဟု ကျွန်ုပ်ပြောသည့်အခါ၌ ယင်း၏အဓိပ္ပာယ်မှာ မဟုတ်ဟု ပြောဆိုခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းမဟုတ်ပေ။ ထိုနည်းတူစွာ 'ဤဟာ ဟုတ်၏' ဟု ကျွန်ုပ်ပြောသည့်အခါ၌ ဟုတ်၏ဟု ပြောဆိုခြင်း၊ သို့မဟုတ် ဝန်ခံခြင်းမဟုတ်ပေ။ အရှေ့ဘက်ကို မျက်နှာလှည့်ပြီး အရှေ့ဘက်တွင် အနောက်အရပ်ကိုကြည့်ပါ။ တောင်ဘက်ကို မျက်နှာလှည့်ပြီး ကြည့်ပါ။ တောင်ဘက်ကွင် မြောက်ဝင်ရိုးစွန်းကို တွေ့မြင်ရလိမ့်မည်"

အခြား ဈင်ဆရာအရှင်တစ်ဦးသည် သူ၏တပည့်များအား ရေအိုးတစ်လုံးကို ပြပြီး "ဤအရာကို ရေအိုးဟုမခေါ်နှင့်။ ငါ့ကို ပြောပြကြစမ်း။ ဤအရာ ဘာဖြစ်သနည်း" ဟု မေးလေသည်။ တပည့်တစ်ဦးက "ဤအရာကို သစ်သားဟုမခေါ်နိုင်ပါ"ဟု အဖြေပေးလေသည်။ ယင်းအဖြေကို ဆရာအရှင်က မကျေနပ်ပေ။ အခြားတပည့်တစ်ဦးကမူ ရေအိုးကို အောက်သို့ တွန်းချလိုက်ပြီး ဘာမှမပြောမဆိုဘဲ ထွက်သွားလေသည်။ ယင်းအဖြေသည်

mgyoe.com

mgyoe.com



ဈင်ဗုဒ္ဓဘာသာ၏အယူအဆနှင့် ကိုက်ညီပေသည်။ မိမိကိုယ်တွေ့ တွေ့ကြုံသည့် အတွေ့အကြုံသည် အဘိဓမ္မာနည်းအရ ရှင်းလင်းပြောပြခြင်းကို နာယူခြင်းထက် ကြီးမြင့်သည်။ အသိပညာဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုကို အဓိကမထားဘဲ ပစ္စက္ခအတွေ့အကြုံကို ရအောင်လုပ်ခြင်းသည် ဈင် ၏အနှစ်သာရ ဖြစ်သည်။ စကားလုံး သက်သက်ဖြင့် သစ္စာတရားကို နားလည်အောင် ကြိုးပမ်းအားထုတ်၍ မရပေ။ အတွေ့အကြုံသည် ဈင်၏အစ ဖြစ်သည်။ အတွေ့အကြုံသည် ဈင်၏အဆုံးလည်းဖြစ်သည်။ ယင်းအတွေ့အကြုံကို ဘဝအတွင်းမှာသာ ရှာဖွေရသည်။ ဘဝမှ ထွက်ပြေးတိမ်းရှောင်ပြီး ရှာဖို့မလိုပေ။

ဈင်ဗုဒ္ဓဘာသာသည် တရုတ်ပြည်နှင့် ဂျပန်ပြည်တို့၌ ယနေ့ထက်တိုင် ထွန်းကားပြန့်ပွားနေသည်။ တရုတ်နှင့် ဂျပန်တို့၏ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေဖွံ့ဖြိုးတိုးတက်မှုများ၌ ဈင်ဗုဒ္ဓဘာသာသည် အကူအညီအထောက်အပံ့များစွာ ပြုခဲ့လေသည်။ တရုတ်ပြည်၊ ဂျပန်ပြည်တို့၌ ဈင်ဗုဒ္ဓဘာသာသည် ဘဝနှင့် နီးစပ်သောကြောင့် လည်းကောင်း၊ လက်တွေ့ကို ဦးစားပေးသောကြောင့် လည်းကောင်း၊ ပညာရှင်များ၊ ဘုန်းကြီးရဟန်းများ၏ ဘာသာတရားမျှသာ မကဘဲ လယ်သမား၊ အလုပ်သမား၊ စစ်သားများ၏ ဘာသာတရားလည်း ဖြစ်နေပေသည်။ ယခုခေတ်အခါတွင်ကား ဈင်ဗုဒ္ဓဘာသာသည် အနောက်နိုင်ငံသူ၊ နိုင်ငံသားတို့ အထူးစိတ်ပါဝင်စားသော ဘာသာတရားတစ်ခုလည်း ဖြစ်နေပေပြီ။ ယင်းကဲ့သို့ ကမ္ဘာပေါ်ရှိ လူဦးရေအတော်များများ စိတ်ပါဝင်စားသော ဗုဒ္ဓဘာသာကို မြန်မာလူမျိုးတို့နှင့် မိတ်ဆက်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ဈင်ဗုဒ္ဓဘာသာကို တစေ့တစောင်း ကြည့်မြင်သုံးသပ်သည့် ဤ 'ဈင်ဗုဒ္ဓဘာသာ' စာအုပ်ကို ရေးသား ပြုစုလိုက်ရခြင်း ဖြစ်ပေသည်။

ပါရဂူ

၂၃၊ ၁၀၊ ၇၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ဈင်သမိုင်း

## ဈင်အစ

ဈင်ဗုဒ္ဓဘာသာ စာပေများ၌ ဈင်ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံ၌ အစပြုသည်ဟု ရေးသားထားကြသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၌ ဈင်ဗုဒ္ဓဘာသာ၌ အစကို ခြေရာခံလိုက်ကြည့်သောအခါ၌ အိန္ဒိယနိုင်ငံ၌ အစပြုခဲ့သည်ဆိုသော ဈင်ဗုဒ္ဓဘာသာ၏ မူလအစသည် သမိုင်းကြောင်းအရ အခိုင်အမာမဟုတ်ဘဲ ဒဏ္ဍာရီဆန်ဆန်သာဖြစ်ကြောင်း သိရှိရပေသည်။ အမှန်စင်စစ်ကား ဈင်ဗုဒ္ဓဘာသာသည် တရုတ်ရေခံမြေခံ၌ ပေါက်ဖွား ဖြစ်ပေါ်လာသည့် ဘာသာတရားတစ်ရပ်ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ သို့ဖြစ်၍ ဈင်ဗုဒ္ဓဘာသာ သမိုင်းကြောင်းကို အတိအကျ လေ့လာမည်ဆိုပါက အိန္ဒိယပြည်သို့ ဦးမလှည့်ဘဲ တရုတ်ပြည် ဈင်ဗုဒ္ဓဘာသာ သမိုင်းဦးကိုသာလျှင် အာရုံစူးစိုက်ဖို့ လိုပေလိမ့်မည်။ စင်စစ် ဈင်ဗုဒ္ဓဘာသာသည် တရုတ်အတွေးအခေါ်၊ တရုတ်ယဉ်ကျေးမှု၊ တရုတ်ပတ်ဝန်းကျင် အခြေအနေတို့က ဗုဒ္ဓ၏ဗောဓိဉာဏ်အမြင်ရရေး တရားတော်ကို မိမိတို့၏ ရေခံ၊ မြေခံနှင့် လိုက်လျောကိုက်ညီအောင် လက်တွေ့ကျကျ အနက် အဓိပ္ပာယ် ပြန်ယူထား သောကျင့်စဉ်၊ သို့မဟုတ် ဘာသာတရားတစ်ခုပင် ဖြစ်လေသည်။

သို့ရာတွင် အချို့ပညာရှင်များကမူ ဈင်ဗုဒ္ဓဘာသာ သမိုင်းဦးနှင့် ပတ်သက်သော ယင်းအယူအဆမျိုးကို လက်မခံကြပေ။ အကယ်၍ ဈင်သည့်

mgyoe.com

mgyoe.com

ဗုဒ္ဓဘာသာ၏ ပုံစံတစ်မျိုးဖြစ်သည်ဟုဆိုလျှင် အိန္ဒိယဋ္ဌမြစ်ဖျားခံခဲ့သော ဗုဒ္ဓဘာသာသမိုင်းနှင့် တသီးတခြား ခွဲထုတ်၍ မရနိုင်ဟု ထိုပုဂ္ဂိုလ်များက အကြောင်းပြကြသည်။ ယင်းအဆိုပြုချက်မှာလည်း မှန်သင့်သလောက် မှန်ပေသည်။ သို့ရာတွင် ယခုခေတ်တွင် ထင်ရှားရှိနေသော ဈင်ဗုဒ္ဓဘာသာ၏ ပုံစံမျိုးသည် အိန္ဒိယပြည်ဗုဒ္ဓဘာသာသမိုင်း၌ မပေါ်ပေါက်ခဲ့ဖူးပေ။ အိန္ဒိယ ဗုဒ္ဓဘာသာ စာပေပရိယတ္တိထဲတွင်လည်း ဈင်ဗုဒ္ဓဘာသာအကြောင်းကို ရေးသားဖော်ပြထားခြင်း မရှိပေ။ သို့ဖြစ်၍ တရုတ် ပြည်ကို ကျော်လွန်ပြီး ဈင်ဗုဒ္ဓဘာသာသမိုင်းအစကို ခြေရာကောက်မည်ဆိုပါက အခိုင်အမာ သမိုင်းကြောင်းကို မတွေ့ရဘဲ ဒဏ္ဍာရီဆန်ဆန် ရေးသားဖော်ပြချက်များကိုသာ တွေ့မြင်သိရှိရပေလိမ့်မည်။

ဈင်သည် ဗောဓိဉာဏ်အမြင်ရရေး တရားကို တရုတ်ရေခံမြေခံနှင့် လိုက်လျောကိုက်ညီအောင် အနက်အဓိပ္ပာယ် ပြန်ယူထားသည့် ဘာသာတရားဖြစ်သည်။ ဉာဏ်အလင်းရရေးမှာ ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နှလုံးထဲတွင် ခိုင်မြဲစွာ စွဲမြဲကိန်းအောင်းနေသည့် ရည်မှန်းချက်ဖြစ်ပေသည်။ အကြောင်းမူကား သိဒ္ဓတ္ထမင်းသား ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသည်မှာ ယင်းဗောဓိဉာဏ်အလင်းကို ရရှိသိမြင်တော်မူသောကြောင့် ဖြစ်သည်။ ဗုဒ္ဓ၏ လမ်းကြောင်းသို့လိုက်ဖို့ရန်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက် ဖြစ်လေသည်။ သို့ရာတွင် တရုတ်ဗုဒ္ဓဘာသာဝင်တို့သည် အိန္ဒိယဗုဒ္ဓဘာသာကို အတုံးလိုက်အတစ်လိုက် ဝါးမျိုဖို့ရန် မလိုလားပေ။ ထို့ကြောင့် တရုတ်လူမျိုးတို့၏ လက်တွေ့ကျသော အတွေးအခေါ်သည် သူတို့၏ ဘာသာရေး လိုအပ်ချက်နှင့် ကိုက်ညီအောင် ဈင်ဗုဒ္ဓဘာသာကို ဖန်တီးလိုက်လေသည်။ ဗောဓိဉာဏ်အမြင်ရရှိရေး တရားတော် တရုတ်ပြည်၌ အမြစ်တွယ်သည်မှာ ယင်းတရားတော်ကို မိမိနှင့် တစ်ပါတည်း ဆောင်ကြဉ်းလာသည့် ဗောဓိဓမ္မ တရုတ်ပြည်သို့ ရောက်ရှိလာသည့် နောက်ပိုင်းမှ ဖြစ်ပြီး ယင်းတရား အယူအဆသည် တစ်စတစ်စ ကြီးထွားခိုင်မာလာပေရာ ယနေ့ ဈင်ဗုဒ္ဓဘာသာဂိုဏ်းဟု တသီးတခြား ထွန်းကားပြန့်ပွားနေသည် အထိပင် ဖြစ်လေသည်။

တရားအမြင်ပေါက်ရေး၊ ဗောဓိဉာဏ်အလင်းရရေးမှာ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံသိရှိရသည့် အတွေ့အကြုံအရသာလျှင် ဖြစ်နိုင်ပေသည်။

mgyoe.com

mgyoe.com


စကားလုံးများဖြင့် ရှင်းလင်းပြောပြခြင်းအားဖြင့် ဗောဓိဉာဏ် အလင်းကို မရရှိနိုင်ပေ။ ဗုဒ္ဓသည် မိမိကိုယ်ကို သိမြင်နားလည်ရေး၏ အရေးပါ အရာ ရောက်ပုံကို အလေးအနက် ထားတော်မူလေသည်။ အကြောင်းမူကား နိဗ္ဗာန်၊ သို့မဟုတ် ဗောဓိဉာဏ်အမြင်မှာ မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ်ပါမှ မိမိ၏ အဇ္ဈတ္တသန္တာန်အတွင်း၌ ရရှိနိုင်သည့်အရာ ဖြစ်သောကြောင့်တည်း။ **သစ္စာလေးပါးတရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ အနတ္တတရားတို့မှာ ဗုဒ္ဓဘာသာဝင် တစ်ဦး၏ ရည်မှန်းချက်ပြည့်ဝရေးသို့ ရောက်ရှိရန်အတွက် လမ်းညွှန် များဖြစ်ပေသည်။** အကယ်၍ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် 'ဈာန်' (ကမ္မဋ္ဌာန်းဘာဝနာပွားများမှု) ကို အလေ့အကျင့်ပြုလျှင် ဗုဒ္ဓဘာသာ၏ ရည်မှန်းချက်ဖြစ်သည့် နိဗ္ဗာန်သို့ နီးကပ်လာနိုင်သည်။ ယင်းဈာန်အလေ့ အကျင့်ကို ဗောဓိဓမ္မသည် တရုတ်ပြည်သို့ သွတ်သွင်းခဲ့လေသည်။ ဗောဓိဓမ္မ ဆောင်ကြဉ်းလာသော ယင်းဈာန်အလေ့အကျင့်သည် ဈင်ဗုဒ္ဓဘာသာဟု ယနေ့သိရှိနေကြသည့် ကျင့်စဉ်တစ်ခုအဖြစ် ဖွံ့ထွားတိုးတက်လာခဲ့လေသည်။

သို့ရာတွင် ရှေးဟောင်း ဈင်ဗုဒ္ဓဘာသာသမိုင်း ကျမ်းစာများ၌ကား ဈင်ဗုဒ္ဓဘာသာအစ အိန္ဒိယကဟု ဆိုထားလေသည်။ ယင်းသမိုင်းကျမ်းစာ များ၏ ဒဏ္ဍာရီဆန်ဆန်အဆိုကား ဤသို့တည်း။ တစ်ရံရောအခါ သကျမုနိ သည် ဂိဇ္ဈကုဋ်တောင်၌ တပည့်သာဝကများကို တရားဒေသနာ ဟောကြား နေတော်မူသည်။ ထိုစဉ် သကျမုနိသည် သူ၏တရားဒေသနာကို ရှည်ရှည် ဝေးဝေး ရှင်းလင်းဟောပြတော်မမူပေ။ ဥပါသကာတစ်ဦး ကပ်လှူထားသည့် ပန်းခိုင်ကိုမြှောက်ပြရုံသာ ပြုလိုက်တော်မူလေသည်။ နှုတ်တော်မှ စကား တစ်လုံးမျှ ထုတ်ဟပြောပြတော်မမူပေ။ သကျမုနိ၏ ဆိုလိုရင်း တရား အဓိပ္ပာယ်ကို တရားနာနေကြသည့် တပည့်သာဝကများထဲမှ သက်တော်ရှည် ရှင်မဟာကဿပမှလွဲ၍ မည်သည့်ပုဂ္ဂိုလ်မှ နားမလည်ကြပေ။ ရှင်မဟာ ကဿပကမူ သကျမုနိ၏ ဆိုလိုရင်း တရားအဓိပ္ပာယ်ကို သိရှိနားလည် သည့်ပုံ ညင်သာစွာ ပြုံးပြလိုက်လေသည်။ ထိုအခါ သကျမုနိက "ငါ့မှာ အဖိုးအနဂ္ဃထိုက်တန်သည့် တရားရတနာရှိသည်။ ငါ့ရှင်ကဿပ၊ ထိုတရား ရတနာကို ယခု သင့်အား ငါလွှဲပြောင်းပေးမည်"ဟု မိန့်တော်မူ လိုက်လေ သည်။

mgyoe.com

mgyoe.com


ရှေးဆန်ဆန် ဈင်ဗုဒ္ဓဘာသာဝင်များက ယင်းအဖြစ်အပျက်ကို ဗုဒ္ဓ၏ နက်နဲသော စိတ်အကြံနှင့် တရားတော်၏ လျှို့ဝှက်ချက်ကို လှစ်ပြသော ဈင်ဗုဒ္ဓဘာသာ၏ မူလအစဖြစ်သည်ဟု ယုံကြည်ကြလေသည်။ ဈင်ဗုဒ္ဓဘာသာသည် ဗုဒ္ဓဘာသာ၏ နက်နဲသော အနှစ်သာရဖြစ်သည် ဟူ၍ လည်းကောင်း၊ ဗုဒ္ဓက သူ၏မဟာသာဝကကြီး ရှင်မဟာကဿပအား တိုက်ရိုက်အပ်နှင်းထားခဲ့သည့် တရားဖြစ်သည်ဟူ၍ လည်းကောင်း၊ ယုံကြည်ယူဆကြသောကြောင့် ဈင်ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓနှင့် ရှင်မဟာကဿပတို့၏ ယင်းဂိဇ္ဈကုဋ်တောင်ပေါ် အတ္တုပ္ပတ္တိကို အထူးပင် အလေးအနက်ထားကြလေသည်။

ထေရဝါဒဗုဒ္ဓဘာသာ အစဉ်အလာအရ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် ရာဇဂြိုဟ်တွင် ကျင်းပပြုလုပ်သော ပထမ သင်္ဂါယနာတင်ပွဲ၌ ရှင်မဟာကဿပသည် အမှူးအချုပ်ဖြစ်လေသည်။ သို့ဖြစ်၍ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးသည့်နောက်တွင် ရှင်မဟာကဿပသည် ဗုဒ္ဓသာသနာတော်၌ အမှူးအချုပ်ဖြစ်သည်ဟု ယူဆနိုင်လေသည်။ သို့ရာတွင် ထေရဝါဒဗုဒ္ဓဘာသာ အစဉ်အလာ ယူဆချက်အရ ဗုဒ္ဓသည် မည်သည့်ပုဂ္ဂိုလ်ကိုမျှ မိမိ၏အရိုက်အရာခံအဖြစ် လွှဲအပ်သွားတော်မမူခဲ့ပေ။ ထို့ပြင် အိန္ဒိယပြည်ဖြစ် ဗုဒ္ဓစာပေကျမ်းဂန်များ၌ ဗုဒ္ဓက တပည့်ကြီး ရှင်မဟာကဿပအား ဈင်တရားကို လွှဲအပ်ပေးသွားခဲ့သည် ဆိုသည့်အကြောင်း မှတ်တမ်းတင်ထားချက်လည်း မရှိပေ။ ဈင်တရားကို ဗုဒ္ဓက လွှဲအပ်သွားသည်ဆိုသည့် အထက်ပါ အဖြစ်အပျက်မှာ ၁၀၂၉ ခုနှစ် လီဆန်ဆုရေးပြုသော 'တရားအလင်းရောင် ပြန့်ပွားခြင်းမှတ်တမ်း'[၁] အမည်ရှိ တရုတ်ဈင်ဗုဒ္ဓဘာသာ သမိုင်း၌လည်းကောင်း၊ ၁၀၆၄ ခုနှစ် ချီဆန်ပြုစုသော 'ရှေးအယူအဆအရ ဓမ္မ၏ပြန့်ပွားပုံအကြောင်း'[၂] ၌လည်းကောင်း၊ ပထမဆုံး စ၍တွေ့ရသည့် အကြောင်းအရာ ဖြစ်ပေသည်။ ယင်းမှတ်တမ်းများ၌ ယင်းအကြောင်းအရာကို သမိုင်းအရ အထောက်အထားခိုင်လုံမှုမရှိဟု ဖော်ပြထားသည်။ ၁၀၀၄ ခုနှစ်တွင် ရေးသားသော ယခု

၁။ The Record The Spread of The Lamp.

၂။ The Accounts of The Orthodox Transmission of The Dharma

mgyoe.com

mgyoe.com


ရှိသမျှထဲတွင် ရှေးအကျဆုံးဖြစ်သည့် ဈင်သမိုင်းဖြစ်သည့် 'တရား အလင်းရောင် ပြန့်ပွားပုံမှတ်တမ်း' ၌ ဈင်တရားကို လွှဲအပ်ခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓလက်ထက်တွင် ဖြစ်ပျက်သည့် မည်သည့် အဖြစ်အပျက်ကိုမှ ရေးသား မှတ်တမ်းတင်ထားခြင်း မရှိပေ။ ရှေးကျသည့် ဈင်သမိုင်းများမှာ အားလုံးပင် ရှာ၍မရတော့ပြီ ဖြစ်သည့်အတွက် ယခုအခါတွင် တရုတ်ပြည်၌ ဈင်ဗုဒ္ဓဘာသာ အစဉ်အလာ မည်သို့မည်ပုံ အစပျိုးခဲ့သည်ဆိုသည့်အချက်ကို အတိအကျ အခိုင်အမာ ပြောပြဖို့ရန် မလွယ်ကူတော့ပေ။ တရုတ်ပြည်၌ ရှစ်ရာစုနှစ်နောက်ပိုင်း အခိုင်အမာ အမြစ်တွယ်ပြီးသည့် နောက်ပိုင်းကျမှသာ ဈင်ဗုဒ္ဓဘာသာသည် ပြန့်ပွားခေတ်စားလာခြင်း ဖြစ်တန်ရာသည်။

ဈင်ဗုဒ္ဓဘာသာကို အခိုင်အမာဖြစ်စေရန်အတွက် ဈင်တရားသည် ဗုဒ္ဓ၏အထံတော်မှ တိုက်ရိုက်ဆင်းသက်လာသည် ဆိုသည့် အတ္ထုပ္ပတ္တိမျိုးကို တီထွင်ဖို့ရန် လိုအပ်လာသည့်အကြောင်းကလည်း ရှိနေပေလိမ့်မည်။ အခြားဗုဒ္ဓဘာသာဂိုဏ်းများက ဈင်ဗုဒ္ဓဘာသာအား ဗုဒ္ဓ၏အထံတော်မှ တိုက်ရိုက်ဆင်းသက်လာသည်ဆိုသည့် အထောက်အထားမရှိဟူသောအကြောင်းပြချက်ဖြင့် ဝေဖန်ကောင်း ဝေဖန်ကြပေလိမ့်မည်။ သို့ဖြစ်၍ ဈင်ဗုဒ္ဓဘာသာဝင်များသည် မိမိတို့၏ ဘာသာတရားသည် ဗုဒ္ဓထံမှ တိုက်ရိုက်ဆင်းသက်လာသည် ဆိုသည့်အကြောင်းကို မှတ်တမ်းဝင် ပြုလုပ်ကြလေသည်။ ယင်းမှတ်တမ်း၊ ယင်းအတ္ထုပ္ပတ္တိများအရ သကျမုနိသည် ဈင်တရားကို ရှင်မဟာကဿပအား လွှဲအပ်ပေးခဲ့လေသည်။ ထို့နောက် ရှင်မဟာကဿပက အဆင့်ဆင့် လက်ကမ်းလွှဲအပ်ပေးခဲ့သည်မှာ တရုတ်ပြည်၏ ပထမဦးဆုံး ဈင်ဥသျှောင်သာသနာပိုင်ဆရာတော် ဗောဓိဓမ္မသည် နှစ်ဆယ့်ရှစ်ဦးမြောက် ပုဂ္ဂိုလ်ဖြစ်လေသည်။ ဗောဓိဓမ္မ မတိုင်မီ ပုဂ္ဂိုလ်နှစ်ဆယ့်ခုနစ်ဦးကား သကျမုနိမှစ၍ အားလုံး အိန္ဒိယပြည်မှ ပုဂ္ဂိုလ်များဖြစ်လေသည်။

## ဈင်ဥသျှောင် နှစ်ဆယ့်ရှစ်ပါး

သို့ရာတွင် ခေတ်သစ်ဝေဖန်ရေး ဆရာများကား ဈင်ဗုဒ္ဓဘာသာ၏ အစ တရုတ်ပြည်ကလား၊ သို့မဟုတ် အိန္ဒိယပြည်ကလား ဆိုသောအချက်ကို အဓိကမထားကြတော့ဘဲ ဈင်ဗုဒ္ဓဘာသာ၏ အနှစ်သာရကိုသာလျှင် ရှာဖွေ

mgyoe.com

mgyee.com


ကြလေတော့သည်။ ထို့ပြင် ဈင်ဗုဒ္ဓဘာသာ၏ မြစ်ဖျားခံရာကို ခြေရာကောက်လိုသည့် သမိုင်းဆရာများအနေနှင့်လည်း အိန္ဒိယ၌ ပြန့်ပွားထွန်းကားခဲ့သည့် မဟာယာန၏ ဗောဓိဉာဏ်အမြင်ရရေး တရားနှင့် ယင်းတရားကို ဘဝနှင့်ဟပ်မိအောင် လက်တွေ့ဟပ်ကြည့်သည့် တရုတ်အမူအကျင့်တို့၏ ဆက်သွယ်ရေးကိုသာလျှင် လေ့လာသင့်ပေသည်။ ဈင်ဗုဒ္ဓဘာသာဝင်တို့ မှတ်တမ်းတင်ထားသည့် ဗောဓိဓမ္မအရင်က ဈင်ဂိုဏ်း အနွယ်အဆက်မှာမူ အရေးမကြီးလှပေ။ **အမှန်စင်စစ်ကား ဈင်ဗုဒ္ဓဘာသာသည် အိန္ဒိယ မျိုးစေ့ကို တရုတ်မြေပေါ်၌ စိုက်ပျိုးရာမှ ထွန်းကားလာသည့် အသီးအပွင့် ဖြစ်လေသည်။**

ဈင်ဗုဒ္ဓဘာသာဝင်တို့ ယူဆလာခဲ့ကြသည့် ဈင်ဥသျှောင် နှစ်ဆယ့်ရှစ်ပါးတို့၏ စာရင်းကား...

| | |
|---|---|
| ၁။ သကျမုနိ | ၂။ မဟာကဿပ |
| ၃။ အာနန္ဒာ | ၄။ သနဝါသ |
| ၅။ ဥပဂုတ္တ | ၆။ မိတက (ဓမ္မဂုတ္တ?) |
| ၇။ မစ္ဆက (မေစက) | ၈။ ဗုဒ္ဓနန္ဒိ |
| ၉။ ဗုဒ္ဓမိတ္တ | ၁၀။ ဘိက္ခုပါသဝ |
| ၁၁။ ပုညယသ (ပုဏ္ဏယသ) | ၁၂။ အဿဃောသ |
| ၁၃။ ဘိက္ခုကပိမလ (ဝိရ) | ၁၄။ နာဂါဇ္ဈုန (၂-ရာစု) |
| ၁၅။ ကာနဒေဝ | ၁၆။ အရိယရာဟုလတ |
| ၁၇။ သံဃနန္ဒိ | ၁၈။ သံဃယသ |
| ၁၉။ ကုမာရတ | ၂၀။ ဇယတ (ကျိုယေတိုဇယန္တ) |
| ၂၁။ ဝသုဗန္ဓု | ၂၂။ မနုရ (မိုနိုလို) |
| ၂၃။ ဟာကလေနယသ (ဟိုလေဟို) | ၂၄။ ဘိက္ခုသီဟ |
| ၂၅။ ပါသသိတ (ဝဆိယာဆိတာ) | ၂၆။ ပုညမိတ္တ (ပူတိုနိုမိုတို) |
| ၂၇။ ပညာတရ | ၂၈။ ဗောဓိဓမ္မ |

ဈင်ဗုဒ္ဓဘာသာဝင်တို့သည် ဈင်ဂိုဏ်းအဆက်အနွယ်ကို သကျမုနိ ဂေါတမဗုဒ္ဓအထိ တိုးချဲ့ရှုံမှုဖြင့် အားမရကြသေးပေ။ ဗုဒ္ဓဘာသာဝင်တို့၏ ရှေးအစဉ်အလာ ယူဆချက်အရ ဤကမ္ဘာ၌ ဂေါတမဗုဒ္ဓအရင် ဘုရား

mgyee.com

mgyoe.com


ခြောက်ဆူပွင့်တော်မူခဲ့ပြီးလေပြီ။ ယင်းဂေါတမဗုဒ္ဓအရင်က ပွင့်တော်မူခဲ့သည့် ဘုရားများအထိပင် ဈင်ဗုဒ္ဓဘာသာ အဆက်အနွယ်ကို တိုးချဲ့ထားကြလေသည်။ ယင်းဘုရား အဆူဆူတို့သည် တရားကိုလွှဲအပ်ပြောင်းပေးသည့် ဂါထာကို မိန့်မှာထားတော်မူကြသည်။ ယင်းဂါထာများကို ဈင်ဗုဒ္ဓဘာသာသမိုင်း၌ ထိန်းသိမ်းထားလေသည်။ ရေးကျသည့် ဈင်ဗုဒ္ဓဘာသာသမိုင်းမှတ်တမ်းများမှာ ပျောက်ကွယ်ကြကုန်ပြီဖြစ်၍ ယခုအခါတွင် ရှေးအကျဆုံး ဈင်ဗုဒ္ဓဘာသာသမိုင်းမှာ 'တရားအလင်းရောင်ပြန့်ပွားပုံ' ဖြစ်လေသည်။ ယင်းကျမ်း၌ နှစ်ဆယ့်ရှစ်ပါးသော ဈင်ဥသျှောင်တို့၏ အကြောင်းနှင့် ထိုပုဂ္ဂိုလ်များ တရားဓမ္မကို အဆင့်ဆင့် လွှဲအပ်ခဲ့ပုံ ဂါထာများကို (အသေးစိတ်) ရေးသားဖော်ပြထားလေသည်။

ဈင်ဂိုဏ်း၏ ဥသျှောင်နှစ်ဆယ့်ရှစ်ဦးထဲတွင် အသဃောသ၊ နာဂါဇ္ဇုန၊ ဝသုဗန္ဓုတို့ကဲ့သို့သော အိန္ဒိယဗုဒ္ဓဘာသာ မဟာယာနဂိုဏ်းခေါင်းဆောင် ဗုဒ္ဓအဘိဓမ္မာ မဟာပညာရှင်ကြီးများကို ထည့်သွင်းထားသည်ကို တွေ့ရလေသည်။ စင်စစ်ကား ဈင်ဗုဒ္ဓဘာသာသည် မဟာယာန ဗုဒ္ဓဘာသာ၏ ဗောဓိဉာဏ်အမြင်ရရေးတရားကို တရုတ်ရေခံမြေခံအရ လက်တွေ့ဘဝနှင့် ဟပ်အောင် ညှိယူထားသည့်ကျင့်စဉ်ဖြစ်လေသည်။ သို့ဖြစ်၍ မဟာယာန ဗုဒ္ဓဘာသာ၏ထင်ရှားသော ကျမ်းဂန်များဖြစ်ကြသည့် ဝိမလကိတ္တိ၊ ပညာပါရမီတာသုတ္တ၊ လင်္ကာဝတာရ ကဲ့သို့သော ကျမ်းဂန်များနှင့် ဈင်ဗုဒ္ဓဘာသာသည် နီးစပ်သော ဆက်သွယ်မှုရှိလေသည်။ ထို့ကြောင့် ယင်းကျမ်းများကို ပြုစုခဲ့သော မဟာယာန ဗုဒ္ဓအဘိဓမ္မာ ပညာရှင် ထေရ်အရှင်များအား ဈင်ဗုဒ္ဓဘာသာဝင်များက မိမိတို့၏ ဂိုဏ်းဥသျှောင်စာရင်းထဲ ထည့်သွင်းရေတွက်ထားသည်မှာ သဘာဝကျပေသည်။

## ဗောဓိဓမ္မ

အေဒီ ၅၂၀–ခုနှစ် ဗောဓိဓမ္မအရှင် အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသည့် အချိန်မှစ၍ တရုတ်ပြည်၌ ဈင်ဗုဒ္ဓဘာသာသမိုင်း အစပြုခဲ့လေသည်။ ဗောဓိဓမ္မသည် အိန္ဒိယနိုင်ငံမှ တရုတ်ပြည်သို့ တရားအဆုံးအမတစ်ခုကို ဆောင်ကြဉ်းလာခဲ့သည်။ ယင်းတရားအဆုံးအမ၏ အကျဉ်းချုပ်ကား...

mgyoe.com

mgyoe.com

ထူးခြားသော တရားဓမ္မသည် ကျမ်းစာ၏ အပြင်ဘက်၌ရှိသည်။
အက္ခရာစာလုံးနှင့် ကျမ်းစာအပေါ် တည်ရှိမနေပေ။
လူ၏စိတ်နှလုံးကို တိုက်ရိုက်ထိုးဖောက် ရှုမြင်ခြင်းဖြစ်သည်။
လူ၏သဘာဝကို လေ့လာသုံးသပ်ခြင်း ဖြစ်သည်။
ဗောဓိဉာဏ်အမြင်ကို ရရှိခြင်းဖြစ်သည်။

ယင်းလေးကြောင်းမျှသော တရားစကားသည် ဈင်ဗုဒ္ဓဘာသာ၏ အခြေခံမူဖြစ်လေသည်။ ပညာရှင်အချို့ကမူ ယင်းတရားစကားမှာ ဗောဓိဓမ္မ၏ တရားစကားမဟုတ်၊ နောက်မှပေါ်ပေါက်လာသည့် တရားစကား ဖြစ်သည်ဟု အယူရှိလေသည်။ သို့ရာတွင် ယင်းတရားစကားကို တီထွင်သူ မည်သူမည်ဝါဟူ၍ကား အတိအကျ မပြောနိုင်ကြပေ။

ဗောဓိဓမ္မ၏ အတ္ထုပ္ပတ္တိကို ဖော်ပြထားသော မူရင်းကျမ်းနှစ်ကျမ်းကို တွေ့ရသည်။ ထိုကျမ်းနှစ်ကျမ်းမှ ဗောဓိဓမ္မအတ္ထုပ္ပတ္တိကို သိရှိရသည်။ ပထမ ကျမ်းမှာ ဗောဓိဓမ္မအကြောင်း အစောဆုံး ထည့်သွင်းရေးသားထားသော တာအိုရှူအန်၏ 'မဟာထေရ်များ၏ ထေရုပ္ပတ္တိ'[၁] ဖြစ်လေသည်။ ယင်းကျမ်း ကို အေဒီ ၆၄၅–ခုနှစ် တန်ခေတ်စောစောပိုင်း၌ ရေးသားပြုစုသည်။ ကျမ်း ဆရာမှာ တရုတ်ပြည်၌ ဝိနည်းဓိုရ်ဂိုဏ်းကို စတင်တည်ထောင်သူ ပညာရှင် ဖြစ်လေသည်။ ဒုတိယကျမ်းမှာ အေဒီ ၁၀၀၄–ခုနှစ် ဆန်ခေတ်စောစောပိုင်း၌ တာအိုယန်ရေးသားသည့် 'တရားအလင်းရောင် ပြန့်ပွားပုံမှတ်တမ်း' ဖြစ်လေ သည်။ ယင်းကျမ်းကို ပြုစုသူမှာ ဗုဒ္ဓဘာသာ ဂိုဏ်းကွဲကြီးတစ်ခုအဖြစ် ဈင်ဗုဒ္ဓ ဘာသာ ထူးထူးခြားခြား ပြန့်ပွားလာပြီး သည့်နောက်မှ ပေါ်ပေါက်လာသော ဈင်ရဟန်းတော် ဖြစ်လေသည်။ ယင်းကျမ်း၌ ဈင်ဥသျှောင်မထေရ်များ၏ ဟောပြောချက်များနှင့် လုပ်ဆောင်ချက်များ ရေးသားပါရှိသည်။ ကျမ်းပြု ဆရာသည် ဈင်သမိုင်းကျမ်း ဟောင်းများကို မိမိကျမ်း၏ အထောက်အထား အဖြစ် ကိုးကားဖော်ပြထားသည်။ သို့ရာတွင် ယင်းရှေးဟောင်းကျမ်းများမှာ အမည်နာမမတ္တလောက်သာ ကျန်ရှိပြီး ပျောက်ကွယ်သွားကြလေပြီ။

ယင်းကျမ်းနှစ်ကျမ်းသည် ဗောဓိဓမ္မ၏ အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ အချက်အလက် အတော်များများတွင် မူကွဲနေပေသည်။ ပထမကျမ်းမှာ

၁။ Biographies of the High Priest

mgyoe.com

mgyoe.com


ဈင်ဗုဒ္ဓဘာသာ တရုတ်ပြည်၌ ဂိုဏ်းကြီးတစ်ဂိုဏ်းအဖြစ် အခိုင်အမာ အမြစ်မတွယ်ခင် ရေးသားသောကျမ်းဖြစ်ပြီး ဒုတိယကျမ်းမှာ ဈင်ရဟန်းတော်တစ်ပါး ကိုယ်တိုင်ရေးသားသည့် ကျမ်းဖြစ်သည်။ ပထမကျမ်း၌ ဈင်တည်ထောင်သူ ဗောဓိဓမ္မအား ဘာသာပြန်ဆရာအဖြစ်ဖြင့် လည်းကောင်း၊ အဖွင့်ဋီကာဆရာအဖြစ်ဖြင့် လည်းကောင်း၊ ပညာရှင်အဖြစ်ဖြင့် လည်းကောင်း၊ ဝိနည်းခိုရ်အဖြစ်ဖြင့် လည်းကောင်း၊ ကမ္မဋ္ဌာနာ စရိယ အဖြစ်ဖြင့် လည်းကောင်း၊ တန်ခိုးဣဒ္ဓိပါဒ်ရှင်အဖြစ်ဖြင့် လည်းကောင်း၊ နယ်ပယ်အသီးသီး၌ ထင်ပေါ်ကျော်ကြားသည့် အခြားဗုဒ္ဓဘာသာ ထေရ်အရှင်များကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့်သာ ဖော်ပြထားလေသည်။ ယင်းကျမ်း၏အဆိုအရ ဗောဓိဓမ္မသည် မထေရ်ကြီးများထဲက မထေရ်ကြီးတစ်ပါးသာဖြစ်သည်။ အခြားမထေရ်ကြီးများထက် ထူးခြားလွန်ကဲသော ဂုဏ်ထူးဝိသေသဘာမျှမရှိပေ။ ဟီနယာန ဗုဒ္ဓဘာသာဝင်တို့ ကျင့်သုံးသည့် လမ်းရိုးလမ်းဟောင်းကိုလိုက်သော သာမန်ကမ္မဋ္ဌာနာစရိယများထဲက တစ်ပါးသာလျှင် ဖြစ်သည်။

ပထမကျမ်းပြုဆရာ တာအိုရှုအန်၏ အဆိုအရ ဗောဓိဓမ္မသည် စာကိုလည်း များစွာရေးထားခဲ့သည်။ ဆုံးမစကားများကိုလည်း များစွာ မိန့်ကြားထားခဲ့သည်။ ယင်းစာနှင့် ဆုံးမစကားများမှာ တာအိုရှုအန်၏ ခေတ်ကခေတ်စားနေတုန်းပင် ဖြစ်လေသည်။ သို့ရာတွင် ဈင်ဗုဒ္ဓဘာသာကို စတင်သူဗောဓိဓမ္မ ရေးသားသည်ဟု အခိုင်အမာ ယူဆရသောစာမူမှာ ယခုတွေ့မြင်သိရှိသမျှ မပြောပလောက်ပေ။ အတိုအထွာမျှလောက်သာ ဖြစ်ပေသည်။ ယင်းစာကို တာအိုရှုအန်၏ 'ထေရပ္ပတ္တိ'၌ လည်းကောင်း၊ တာအိုယန်၏ 'မှတ်တမ်း'၌လည်းကောင်း ထည့်သွင်းဖော်ပြထားသည်။ ဗောဓိဓမ္မ ရေးသားသည်ဟု ပြောကြသော အခြားစာတမ်းများလည်း ရှိသေးသည်။ သို့ရာတွင် 'စိတ်နှလုံး၏ ငြိမ်းချမ်းရေး' အမည်ရှိ စာမှတစ်ပါး အခြားစာများမှာဈင်တရား၏ အနှစ်သာရကို ဖော်ပြထားကြသော်လည်း ဗောဓိဓမ္မ၏ စာများဖြစ်သည်ဟု အခိုင်အမာပြောပြဖို့ရန် မလွယ်ပေ။ 'စိတ်နှလုံး၏ ငြိမ်းချမ်းရေး' အမည်ရှိသောစာနှင့် 'လေးမျိုးသော အပြုအမူနှင့် ပတ်သက်သော ဘာဝနာ' အမည်ရှိသော စာနှစ်ပုဒ်သာလျှင် ဗောဓိဓမ္မ၏စာ ဖြစ်သည်ဟု အစဉ်အလာ

mgyoe.com

ယူဆလာခဲ့ကြသည်။

## ဗောဓိဓမ္မ၏စာ

ဗောဓိဓမ္မ၏ အတ္ထုပ္ပတ္တိပါသည့် ကျမ်းနှစ်စောင်သည် အချို့အချက် အလက်နှင့် ပတ်သက်ပြီး တစ်ခုနှင့်တစ်ခု အဆိုအမိန့်မတူပေ။ မည်သည့် ကျမ်းက မူရင်းကျသနည်း။ ခုနှစ်သက္ကရာဇ်အရမူ 'မှတ်တမ်း'ထက် 'ထေရ ပွတ္တိ'က စောသည်။ သို့ရာတွင် 'မှတ်တမ်း' ဆရာသည် သူ၏ကျမ်းစာ၌ ရေးကျသောစာများမှ အထောက်အထား အကိုးအကားယူပြီး ရေးသားထား သည်ဟု ပညာရှင်များက အကဲဖြတ်ကြသည်။ 'ထေရပွတ္တိ'တွင်ပါသည့် ဗောဓိဓမ္မ၏စာမှာ တည်းဖြတ်သုတ်သင်ပြီး ချောနေအောင်၊ သန့်နေအောင် လုပ်ထားသည့်စာ ဖြစ်သည်။ 'မှတ်တမ်း'၌ကား ဗောဓိဓမ္မ၏စာကို နဂို ပကတိအတိုင်း ပြန်လည်တင်ပြထားသည်။ သို့ဖြစ်၍ 'မှတ်တမ်း'၌ပါသည့် စာမှာ ပို၍ မူရင်းကျဖွယ်ရှိသည်ဟု ပညာရှင်များ ဆုံးဖြတ်ကြသည် ဖြစ် သောကြောင့် 'မှတ်တမ်း'၌ပါသည့်စာကို ဖော်ပြလိုက်ပါသည်။

> "ဓမ္မဆရာ အရှင်ဖြစ်သော (ဗောဓိဓမ္မ) သည် အိန္ဒိယ တောင်ပိုင်း ဗြာဟ္မဏဘုရင်တစ်ပါး၏ တတိယ သား ဖြစ်သည်။ သူသည် ထက်မြက်သော၊ အမြော်အမြင် ရှိသော၊ အံ့ဖွယ်အသိဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သည်။ မိမိ သင်ကြားသည့် မည်သည့်အရာကိုမဆို ပိုင်ပိုင်နိုင်နိုင် တတ် ကျွမ်းနားလည်သည်။ သူ၏ရည်မှန်းချက်မှာ မဟာယာန တရားနှင့် ပတ်သက်၍ ဆရာတစ်ဆူလုပ်ရန် ဖြစ်သဖြင့် ဝတ် ကြောင်ကိုစွန့်ပယ်ပြီး တရားမျိုးစေ့ကိုစိုက် ပျိုးရန် သင်္ကန်းကို ဝတ်ရုံလိုက်သည်။ သူသည် တရား ဘာဝနာ ပွားများသည်။ လောကီရေးရာများ၏ အနက်အဓိပ္ပာယ်အမှန်ကို ကောင်းစွာ နားလည်သည်။ အတွင်းအပြင် ပြတ်သားကြည်လင်သည်။ သူ၏ပါရမီသည် လောကီရေးအတွက် မဟုတ်ပေ။ သူသည် ကမ္ဘာလောက၏ ခရီးအလှမ်းဝေးသော ဒေသများ၌ ဗုဒ္ဓ၏ မူရင်း တရားဒေသနာတော် ထွန်းတောက်မှုမရှိခြင်းကြောင့်

mgyoe.com

စိတ်မကောင်းဖြစ်နေမိသည်။ နောက်ဆုံးတွင် ပင်လယ် သမုဒ္ဒရာနှင့် တောတောင်ရေမြေကို ဖြတ်ကျော်ပြီး တရုတ်ပြည်သို့ သွားလျက် ဝိဘုရင့်တိုင်းပြည်၌ တရားဒေသနာဖြန့်ဖြူးရန် သန္နိဋ္ဌာန်ချလိုက်သည်။ တရားဖက်လိုသူများသည် သူ၏ဘေးပတ်လည်တွင် ကြည်ညိုသဒ္ဓါ ထူးကဲစွာဖြင့်ဝန်းရံနေကြသည်။ တစ်ဖက်သတ် အမြင်ရှိသူများကမူ သူ့အကြောင်း အမနာပ ပြောကြသည်။

"ထိုအချိန်က တာအိုယီနှင့် ဟိကီအမည်ရှိ ရဟန်းနှစ်ပါးသာလျှင် ရှိလေသည်။ ထိုရဟန်းနှစ်ပါးသည် အသက်အရွယ်ငယ်သော်လည်း အဆင့်မြင့်သည့် တရားဒေသနာကို လေ့လာသင်ကြားရန် ထက်သန်ပြင်းပြသော စိတ်ဆန္ဒရှိသူများ ဖြစ်ကြသည်။ မိမိတို့တိုင်းပြည်၌ ထိုကဲ့သို့သော ဆရာအရှင်တစ်ဆူကို ကြုံကြိုက်ရခြင်းသည် မိမိတို့ တစ်သက်တာ၌ အကြီးမားဆုံး အခွင့်အရေးကြီးတစ်ခု ဖြစ်သည်ဟု ယူဆကြပြီး ထိုရဟန်းနှစ်ပါးသည် ထိုဆရာအရှင်၏ ခြေရင်း၌ နှစ်ပေါင်းများစွာ လေ့လာဆည်းပူးကြသည်။ ဓမ္မဆရာ အရှင်၏ အဆုံးအမကို ရိုသေကိုင်းရှိုင်းစွာ လိုက်နာကြပြီး ဉာဏ်အလင်းရရှိရေးအတွက် အမေးပုစ္ဆာများကို မေး လျှောက်ကြသည်။ သူ၏ညွှန်ကြားချက်များကို တရိုတသေ လိုက်နာကြသည်။ သူတို့၏ ရိုးသားသော စိတ်နေ စိတ်ထားကို ကျေနပ်အားရပြီး ဓမ္မဆရာအရှင်သည် သူတို့အား လမ်းမှန်ရောက်အောင် ပံ့သွင်းပြီး ဤကား စိတ်နှလုံး ငြိမ်း ချမ်းမှုရရှိရေးအတွက် နည်းလမ်းဖြစ်သည်ဟူ၍ လည်း ကောင်း၊ ဤကား ကမ္ဘာလောက၌ ပြုမူရန်အတွက် နည်းလမ်း ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤကား သင်တို့၏ ပတ်ဝန်းကျင်နှင့် လိုက်လျောကိုက်ညီအောင် နေနည်းထိုင်နည်း ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤကား နည်းဥပါယ်ဖြစ်သည် ဟူ၍လည်းကောင်း ညွှန်ကြား ဟောပြသည်။ ယင်းနည်းလမ်း

mgyoe.com

များကာ မဟာယာနနည်းလမ်းဖြစ်၍ ယင်းနည်းလမ်းများကို မမှန်မကန် မကျင့်သုံးရန် သတိပြုရမည်။ ယင်းစိတ်နှလုံး ငြိမ်းချမ်းမှုဟူသည်မှာ 'ပီကွမ်' ကို ဆိုလိုသည်။ ယင်းအပြုအမူ ဟူသည်မှာ လေးပါးသော အပြုအမူကို ဆိုလိုသည်။ ယင်း ပတ်ဝန်းကျင်နှင့် လိုက်လျောကိုက်ညီအောင် နေခြင်းဟူသည် မှာ အမနာပပြောဆိုခြင်းနှင့် မကောင်းကြံခြင်းတို့မှ ရှောင်ကြဉ်ခြင်းကို ဆိုလိုသည်။ ယင်း ဥပါယ်ဆိုသည်မှာ ဥပါဒါန်ကင်းခြင်းကို ဆိုလိုသည်။

"နောက်ပိုင်းအဖြစ်အပျက်ကို ကျွန်ုပ်ကို အကျဉ်းရုံး၍ ဤသို့ပြောပြခဲ့သည်။

"တရားလမ်းမှန်အတွင်းသို့ ဝင်ရောက်ရေးအတွက် နည်းလမ်းများစွာ ရှိသည်။ သို့ရာတွင် အကျဉ်းချုပ်ကို ပြောရ လျှင် နှစ်မျိုးနှစ်စားသာရှိသည်။ တစ်မျိုးမှာ 'ကျိုးကြောင်း ဆင်ခြင် စဉ်းစားခြင်းအားဖြင့် ဝင်ရောက်ခြင်း'[၁] ဖြစ်ပြီး အခြား တစ်မျိုးက 'အကျင့်တရားအားဖြင့် ဝင်ရောက်ခြင်း'[၂] ဖြစ်လေ သည်။ 'ကျိုးကြောင်းဆင်ခြင် စဉ်းစားခြင်းအားဖြင့် ဝင် ရောက်ခြင်း' ဟူသည်မှာ ပိဋကတ်ကျမ်းလာ ဒေသနာတော်၏ အကူအညီဖြင့် ဗုဒ္ဓဘာသာ၏ အနှစ်သာရကို သိရှိ နားလည် ခြင်းကို ဆိုလိုသည်။ ယင်းသို့ သိရှိနားလည်ပါက ကျွန်ုပ်တို့ သည် သတ္တဝါအားလုံးတွင် တစ်ခုတည်း၊ တစ်မျိုးတည်းဖြစ် သော စစ်မှန်သော သဘာဝတရား၌ နက်ရှိုင်းစွာ ယုံကြည်မှု ရှိလာနိုင်သည်။ ယင်းစစ်မှန်သော သဘာဝတရား သည် သူ့အလိုလို ပေါ်လွင်ထင်ရှားမနေခြင်း၏ အကြောင်း မှာ အပေါ်ယံအမြေးအကာများနှင့် မှောက်မှားသော အတွေး

---

၁။ 'ကျိုးကြောင်းဆင်ခြင် စဉ်းစားခြင်းအားဖြင့် ဝင်ရောက်ခြင်းကို 'အဆင့်မြင့်သော သိမြင်သဘောပေါက်မှုအားဖြင့် ဝင်ရောက်ခြင်း' ဟုလည်း အနက်ပြန်နိုင်သည်။

၂။ 'အကျင့်တရားအားဖြင့် ဝင်ရောက်ခြင်း' ကို 'လက်တွေ့ကျကျ နေထိုင်ခြင်း အားဖြင့် ဝင်ရောက်ခြင်း'ဟုလည်း အနက်ပြန်နိုင်သည်။

mgyoe.com

mgyoe.com


အခေါ်များ ဖုံးအုပ်နေသောကြောင့် ဖြစ်လေသည်။ အမှားကို စွန့်ပယ်ပြီး အမှန်ကို ပိုက်လျက် ရိုးသားဖြောင့်မတ်သော အတွေးအခေါ်ဖြင့် 'ပိကွမ်'ကို စွဲမြဲစွာ ယုံကြည်ပါက ထိုပုဂ္ဂိုလ်သည် မိမိ၊ သူတစ်ပါးဟူ၍ မရှိတော့ဟူ၍လည်းကောင်း၊ သာမန်ပုဂ္ဂိုလ် ဝိသေသပုဂ္ဂိုလ် ဟူသည်မှာလည်း အနှစ်သာရအားဖြင့် တစ်မျိုးတည်းသာ ဖြစ်သည် ဟူ၍လည်းကောင်း တွေ့မြင်သိရှိသွားပြီး နောက်ဆုံးတွင် ယင်းယုံကြည်ယူဆချက်ကို စွဲမြဲစွာ ဆုပ်ကိုင်ထားလျက် ယင်းယုံကြည်ချက်မှ မည်သည့်အခါမှ ရွေ့လျားသွားတော့မည် မဟုတ်ပေ။ ထိုအခါ၌ ထိုပုဂ္ဂိုလ်သည် မည်သည့်စာပေကျမ်းဂန်၏ ညွှန်ကြားမိန့်မှာချက်ကိုမှ လမ်းညွှန်အဖြစ် မထားတော့ပေ။ အကြောင်းမူကား ထိုပုဂ္ဂိုလ်သည် တရားအခြေခံမှုနှင့် ငြိမ်သက်စွာ ဆက်သွယ်မိနေပြီ ဖြစ်သောကြောင့်တည်း။ အယူအဆဝါဒရေးရာ ကွဲပြားခြားနားမှုများမှ လွတ်ကင်းနေပြီ ဖြစ်သောကြောင့်တည်း။ ငြိမ်သက်မှုရှိနေပြီး လှုပ်ရှားမှု ကင်းသွားပြီ ဖြစ်သောကြောင့်တည်း။ ဤကား 'ကျိုးကြောင်းဆင်ခြင် စဉ်းစားခြင်းအားဖြင့် ဝင်ရောက်ခြင်း' မည်လေသည်။

'အကျင့်တရားအားဖြင့် ၀င်ရောက်ခြင်း'ဟူသည်မှာ အပြုအမူလေးပါးကို ဆိုလိုသည်။ ယင်းအပြုအမူလေးပါး၌ အခြားအပြုအမူများလည်း ပါဝင်သည်။ အပြုအမူလေးပါးကား ၁။ အမုန်းကိုတုံ့ပြန်နည်း ၂။ ကံကိုလိုက်နာခြင်း ၃။ ဘာကိုမျှမရှာမှီးခြင်း ၄။ ဓမ္မနှင့်ညီညွတ်ခြင်း။

၁။ 'အမုန်းကိုတုံ့ပြန်နည်း'ဟူသည်မှာ ဘာကိုဆိုလိုသနည်း။ တရားလမ်းစဉ်အရ မိမိတို့ကိုယ်ကို အချိုးကျအောင်နေသော ပုဂ္ဂိုလ်တို့သည် ဆန့်ကျင်ဘက် အခြေအနေများနှင့် ရင်ဆိုင်တိုက်ခိုက်ရသည့်အခါ၌ ဤသို့တွေးတောသင့်သည်– ဘဝအမျိုးမျိုးဖြင့် ကျင်လည်ခဲ့ရသည့် အတိတ်ကာလ ဘဝ

mgyoe.com

များစွာက ငါသည် အရေးကြီးသည်များကို ထိခိုက်နစ်နာစေပြီး အရေးမကြီးသည့် ငါ့ကိုယ်ကို ဦးစားပေးခဲ့၍ မုန်းခြင်း၊ ရန်ငြိုးထားခြင်း၊ အမှားပြုခြင်းများ အတွက် မရေမတွက်နိုင်သော အခွင့်အလမ်းများကို ဖန်တီး မိခဲ့သည်။ ဤဘဝ၌ အပြန်အတားမလုပ်ခြင်းကြောင့် အတိတ်ဘဝက မကောင်းမှုများ၏ အကျိုးအာနိသင်တို့ သည် ယခု စုပေါင်းလာတော့မည်။ ငါ့ထံ ဘာရောက်လာမည်ဆိုသည်ကို နတ်သော်လည်းကောင်း၊ လူသော်လည်းကောင်း ကြိုတင်ပြောပြနိုင်မည်မဟုတ်ပေ။ ငါကြုံတွေ့ရမည့် မကောင်းကျိုးဟူသမျှကို ငါသည်းညည်းခံပြီး ခါးစည်း ခံမည်။ ငါဘယ်တော့မှ ဝမ်းလည်းမနည်း။ အပြစ်လည်း မတင်။ သုတ္တန်ဒေသနာတော်၌ သင့်အပေါ် ကျရောက်လာမည့် မကောင်းကျိုးအတွက် စိတ်သောက ဖြစ်မနေနှင့်ဟု မိန့်ဆိုထားသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမူကား ပုဂ္ဂိုလ်တစ်စုံတစ်ဦးသည် အဆင်ခြင် အစဉ်းစားဉာဏ်ဖြင့် အကြောင်းတရား ကွင်းဆက်အားလုံးကို သုံးသပ်ကြည့်နိုင်သည်။ ထိုအတွေးမျိုး ပေါ်ပေါက်လာသည့်အခါ၌ ထိုပုဂ္ဂိုလ်သည် တရားအခြေခံမှုနှင့် ကိုက်ညီသွားလေသည်။ အကြောင်းမူကား ထိုပုဂ္ဂိုလ်သည် အမုန်းကို အကောင်းဆုံး အသုံးချပြီး တရားလမ်းမသို့ ရောက်ရှိရေးအတွက် အထောက်အပံ့ အကူအညီဖြစ်အောင် ပြုပြင် ပြောင်းလဲလိုက်သောကြောင့် ဖြစ်သည်။ ဤကား 'အမုန်းကို တုံ့ပြန်နည်း' ဖြစ်လေသည်။

၂။ 'ကံကိုလိုက်နာခြင်း'ဟူသည်ကား ဤသို့ဆိုလိုသည်-ကံအကြောင်းတရား၏ အပြန်အလှန် ပြုပြင်စီရင်မှုကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်သတ္တဝါ၌မဆို အတ္တဟူ၍မရှိ။ ငါတို့ခံစားရသည့် သုခနှင့် ဒုက္ခတို့သည်လည်း ငါတို့ပြုခဲ့သော အတိတ်အပြုအမူ၏ အကျိုးဖြစ်လေသည်။ အကယ်၍ ငါသည် ပစ္စည်းဥစ္စာ၊ ဂုဏ်သိက္ခာစသည် ရရှိလျှင်

mgyoe.com

mgyoe.com


ယင်းဆုလာဘ်သည် ငါ့အတိတ်အပြုအမူများ၏ အကျိုးဖြစ်လေသည်။ ယင်းအတိတ် အပြုအမူများသည် အကြောင်း အကျိုး သဘောအားဖြင့် ငါ၏ပစ္စုပ္ပန်ဘဝအပေါ် အကျိုး သက်ရောက်မှုရှိသည်။ ကံ၏အရှိန်အဟုန် ကုန်ခန်းသွားသည့်အခါ ငါခံစားနေရသည့် အကျိုးတရားလည်း ကွယ်ပျောက်သွားပေလိမ့်မည်။ ယင်းသို့ဖြစ်ပါမူ ယင်းအကျိုးတရားကို အကြောင်းပြုပြီး ဘာ့ရှင်လန်းဝမ်း မြောက်နေစရာ လိုသနည်း။ အမြတ်ဖြစ်ဖြစ်၊ အရှုံးဖြစ်ဖြစ်၊ ကံက တစ်ခုခုကို ငါတို့ထံ ဆောင်ကြဉ်းလာလျှင် ကံကို လက်ခံရမည်သာ ဖြစ်သည်။ ဤကား 'ကံကိုလိုက်နာခြင်း' ဖြစ်လေသည်။

၃။ 'ဘာကိုမျှ မရှာမှီးခြင်း'ဟူသည်ကား ဤသို့ဆိုလိုသည်–ကမ္ဘာလောကရှိ လူတို့သည် အစဉ်ထာဝရ ဂနာမငြိမ်ဖြစ်နေကြပြီးလျှင် နေရာတကာ၌ အရာဝတ္ထုတစ်ခု မဟုတ်တစ်ခုကို တွယ်တာကပ်ငြိနေကြသည်။ ယင်းကို 'ရှာမှီးခြင်း' ဟုခေါ်သည်။ သို့ရာတွင် ပညာရှိတို့သည် အမှန်တရားကို နားလည်ကြသည်။ သာမန်ပညာမဲ့သူတို့ကဲ့သို့ မဟုတ်ပေ။ ပညာရှိတို့၏ စိတ်နှလုံးသည် ယိမ်းယိုင် တုန်လှုပ်ခြင်းမရှိ။ ကိုယ်ကာယမှာမူ အကြောင်းအကျိုး ဟေတုနိယာမအတိုင်း ဖြစ်သည်။ အရာဝတ္ထု ဟူသမျှသည် သုညဖြစ်သည်။ ဘာမျှ လိုလားတပ်မက်စရာ မဟုတ်။ ရှာမှီးနေစရာမဟုတ်။ အလင်းတည်းဟူသော အကောင်းရှိသည့် နေရာဟူသမျှ၌ အမှောင်တည်းဟူသော အဆိုးရောက်လာမြဲတည်း။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ကြာမြင့်စွာနေရသော ဤ သုံးလောကသည် မီးလောင်နေသည့်အိမ်နှင့် ပမာတူသည်။ ရုပ်ခန္ဓာရှိသူမှန်သမျှ ခံစားရသည်။ မည်သည့်အရာ ငြိမ်းချမ်းသည် ဆိုသည်ကို မည်သူသိရှိသနည်း။ ပညာရှိတို့သည် ယင်းအမှန်တရားကို သေချာစွာ နားလည်သဘောပေါက်သောကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်အရာဝတ္ထုကိုမဆို တွယ်တာ

mgyoe.com

mgyoe.com


တပ်မက်ခြင်း မရှိပေ။ သူတို့၏အတွေးသည် ငြိမ်သက်သည်။ သူတို့သည် ဘယ်တော့မှ မရှာမှီးပေ။ သုတ္တန် ဒေသနာတော်ကလည်း ဆိုထားသည်–ရှာမှီးခြင်းရှိနေသမျှ သင်သည် ဒုက္ခရှိနေပေလိမ့်မည်။ ရှာမှီးခြင်း ရပ်သွားသည်နှင့် သင့်တွင် သုခရှိလာမည်။ ယင်းသို့အားဖြင့် မရှာမှီးခြင်းသည် အမှန်တရားသို့ရောက်ရန် နည်းလမ်းအမှန် ဖြစ်သည်ဆိုသည့် အချက်ကို ကျွန်ုပ်တို့ သိရှိသည်။ ထို့ကြောင့် ကျွန်ုပ်သည် သင်တို့အား ဘာကိုမျှ မရှာမှီးရန် ညွှန်ကြား ဟောပြောရပေသည်။

၄။ 'ဓမ္မနှင့်ညီညွှတ်ခြင်း'ဟူသည်မှာ ဤသို့ဆိုလိုသည်။ ကျိုးကြောင်းဆင်ခြင် စဉ်းစားမှုသည် အနှစ်သာရအားဖြင့် စင်ကြယ်မြင့်မြတ်သည်။ ယင်းကို ဓမ္မဟုခေါ်သည်။ ယင်းကျိုးကြောင်းဆင်ခြင် စဉ်းစားမှုသည် ပေါ်လွင် ထင်ရှားနေသည့် အရာအားလုံး၌ရှိသော သုညတရား၏ အခြေခံမှုဖြစ်လေသည်။ ယင်းသည် ကိလေသာနှင့်တဏှာ၏ အပေါ်သို့ ရောက်ရှိနေသည်။ ယင်း၌ ငါဟူ၍လည်းကောင်း၊ သူတစ်ပါးဟူ၍ လည်းကောင်း မရှိပေ။ ဓမ္မ၌ ပုဂ္ဂိုလ်သတ္တဝါ ဟူ၍ မရှိပေ။ အကြောင်းမူကား ဓမ္မသည် ပုဂ္ဂိုလ်သတ္တဝါ အစွန်းအကွက်များမှ ကင်းလွတ်သော ကြောင့်တည်း။ ဓမ္မ၌ အတ္တမရှိပေ။ အကြောင်းမူကား ဓမ္မသည် အတ္တအစွန်းအကွက်များမှ ကင်းလွတ်သောကြောင့်တည်း။ ပညာရှိတို့သည် ယင်းအမှန်တရားကို သိရှိနားလည်ပြီး ယုံကြည်မှုရှိလျှင် သူတို့၏အကျင့်တရားသည် 'ဓမ္မနှင့်အညီအညွှတ်'ဖြစ်ပေတော့သည်။

ဓမ္မသည် အနှစ်သာရအားဖြင့် ပိုင်ဆိုင်လိုသည့် ဆန္ဒမရှိပေ။ ပညာရှိတို့သည် မိမိတို့၏ကိုယ်ခန္ဓာ၊ အသက်၊ ဥစ္စာပစ္စည်းတို့ဖြင့် အလှူဒါနပြုရန် မည်သည့်အခါမဆို အဆင်သင့်ရှိကြသည်။ မည်သည့်အခါမှ နှမြောတွန့်တိုမှု မရှိကြပေ။ သူတို့သည် သုညတရား၏ သဘာဝသုံးမျိုးကို

mgyoe.com

mgyoe.com


အပြည့်အဝ သိရှိနားလည်ကြသောကြောင့် ဘက်လိုက်ခြင်း၊ ဥပါဒါန်စွဲခြင်းတို့၏ အပေါ်သို့ ရောက်ရှိနေကြသည်။ သတ္တဝါအားလုံးအား ၎င်းတို့၏ အစွန်းအထင်းများကို ဆေးကြောသုတ်သင်ပေးလိုသည့် စိတ်ဆန္ဒရှိသည်ဖြစ်၍ သတ္တဝါတို့ကြားထဲသို့ ရောက်ရှိလာကြသော်လည်း သူတို့သည် ပုံသဏ္ဌာန်ကို တွယ်တာတပ်မက်ခြင်း မရှိကြတော့ပေ။ သို့ရာတွင် သူတို့သည် အခြားပုဂ္ဂိုလ်များအား မည်သို့မည်ပုံ အကျိုးပြုရမည်ဆိုသည်ကို လည်းကောင်း၊ ဗောဓိဉာဏ် အလင်း သိမြင်ရေးလမ်းစဉ်ကို မည်သို့မည်ပုံ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံစေရမည် ဆိုသည်ကိုလည်းကောင်း၊ သိရှိနားလည်ကြသည်။ ဒါနပါရမီကဲ့သို့ပင် (ပညာပါရမီတာ၌ ရှိသော) အခြားပါရမီငါးပါးနှင့် ပတ်သက်၍လည်း ထိုနည်း အတိုင်းပင် ဖြစ်သည်။ ပညာရှိတို့ ပါရမီခြောက်ပါးကို ကျင့်သုံးခြင်းသည် ဂနာမငြိမ်ဖြစ်နေသည့် အတွေးအကြံများမှ လွတ်ကင်းရန် ဖြစ်လေသည်။ ဤကား 'ဓမ္မနှင့် ညီညွတ်ခြင်း' မည်လေသည်။

'ဝင်ရောက်ခြင်း'နှစ်မျိုး တရားသဘောမှာ ဝဇရ သမာဓိသုတ်မှ ထုတ်ယူထားကြောင်း ထင်ရှားသည်။ အပြု အမူလေးမျိုး တရားသဘောမှာလည်း ယင်းသုတ်၌ ဟော ကြားထားသည့်အတိုင်း ဒုတိယဝင်ရောက်ခြင်း အမျိုးအစား ကို အကျယ်ချဲ့ထားခြင်း ဖြစ်လေသည်။ ယင်းသုတ်၏ မိန့်ဆို ချက်နှင့် နှိုင်းယှဉ်ပါက ထိုအချက်မှာ ထင်ရှား သိသာလာပေ လိမ့်မည်။ ယင်းသုတ်၌ ဤသို့ မိန့်ဆိုထားသည်။

ဗုဒ္ဓက ဤသို့ဟောကြားထားသည်–'ကျိုးကြောင်း ဆင်ခြင် စဉ်းစားခြင်းအားဖြင့် ဝင်ရောက်ခြင်း'နှင့် 'အကျင့် တရားအားဖြင့် ဝင်ရောက်ခြင်း'ဟူ၍ ဝင်ရောက်ခြင်း နှစ်မျိုး ရှိ၏။ 'ကျိုးကြောင်းဆင်ခြင် စဉ်းစားခြင်းအားဖြင့် ဝင်ရောက် ခြင်း' ဟူသည်မှာ အားလုံးသော သတ္တဝါတို့သည် အနှစ်

mgyoe.com

သာရအားဖြင့် တစ်ပေါင်းတည်းလည်း မဟုတ်သော၊ ကွဲလည်းမကွဲသော၊ စစ်မှန်သောသဘာဝနှင့် တူညီကြ၏ ဟူသောအချက်၌ နက်နက်နဲနဲ ယုံကြည်ခြင်းကို ဆိုလိုသည်။ ယင်းအချက်မှာ အပေါ်ယံအကာများ၏ အောက်တွင် ကွယ်နေလေသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် တစ်ခုတည်းသော အတွေးဖြင့် 'ချုကွမ်'၌ စွဲမြဲစွာ ယုံကြည်မှု ရှိပါက ဗုဒ္ဓသဘာဝကို ပြတ်သားစွာ မြင်တွေ့ရပေလိမ့် မည်။ ယင်း၌ ဗုဒ္ဓသဘာဝရှိ၏ ဟူ၍လည်းကောင်း၊ မရှိ ဟူ၍လည်းကောင်း ကျွန်ုပ်တို့ မပြောပြနိုင်ပေ။ ယင်း၌ ငါလည်းမရှိပေ။ သူတစ်ပါးလည်း မရှိပေ။ ထိုပုဂ္ဂိုလ်သည် သဘာဝသည် သာမညာ၌လည်းကောင်း၊ ဝိသေသ၌လည်းကောင်း တစ်မျိုးတည်းဖြစ်၏ဟူသော အချက်ကိုလည်း တွေ့မြင်သိရှိပေလိမ့်မည်။ ယင်းသို့အားဖြင့် ထိုပုဂ္ဂိုလ်သည် ကြည်လင်သော စိတ်နှလုံးအခြေခံကို ကိုင်တွယ်ဆုပ်မိပြီး ယင်းအခြေအနေမှ ဘယ်တော့မှ မရွေ့လျား မသွေဖည်တော့ပေ။ သူသည် တည်ငြိမ်ကျွန်ရပြီး ဘောင်ဘင်မခတ်တော့ပေ။ အယူဝါဒရေးရာ ကွဲပြားခြားနားမှုမှ ကင်းလွတ်သွားလေတော့သည်။ ဤကား 'ကျိုးကြောင်း ဆင်ခြင်စဉ်းစားခြင်းဖြင့် ဝင်ရောက်ခြင်း' မည်လေသည်။

အကျင့်တရားအားဖြင့် ဝင်ရောက်ခြင်း'ဟူသည်ကား စိတ်နှလုံး၌ ဂနာမငြိမ်မှု မရှိခြင်း၊ ငြိမ်သက်တည်ကြည်မှု ရှိခြင်း၊ စိတ်နှလုံး၏အရိပ်၌ ရေအလျင်ကဲ့သို့ ပြောင်းလဲမှု မရှိခြင်းတို့ကို ဆိုလိုသည်။ သင်သည် ဘယ်နေရာရောက်နေ ရောက်နေ မိမိ၏အတွေး တည်ငြိမ်နေပါစေ၊ မည်သည့် အရာကိုမျှ ရှာမှီးမနေပါစေနှင့်။ သင်၏အတွေးသည် ပြင်းထန်သော လေမုန်တိုင်းတိုက်သော်မှ ရွေ့လျားခြင်းမရှိ သည့် မဟာပထဝီမြေကြီးကဲ့သို့ ရှိနေပါစေ။ သင်၏စိတ်နှလုံးထဲ၌ ရှိသော အတ္တနှင့်ပတ်သက်သည့် အတွေးအကြံဟူသမျှကို

mgyoe.com

mgyoe.com


စွန့်ပယ်ပြီးလျှင် သတ္တဝါအားလုံးအား ကယ်တင်ပါလော့။
တစ်ဖက်ကမ်းသို့ ကူးမြောက်စေပါလော့။

## ချူကွမ်နှင့် ပိကွမ်

အထက်ပါ ဗောဓိဓမ္မ၏စာနှင့် ဝဇရသမာဓိသုတ်၌ ပါရှိသောစာကို နှိုင်းယှဉ်ကြည့်ပါက ဗောဓိဓမ္မ၏စာ၌ ထူးထူးခြားခြား ပြောင်းလဲထားသည်ကို တွေ့ရလေသည်။ ယင်းပြောင်းလဲချက်ကား 'ချူကွမ်'၏နေရာတွင် 'ပိကွမ်' ကို အစားထိုးထားခြင်း ဖြစ်လေသည်။ 'ပိ'မှာ သာမန်အားဖြင့် 'တံတိုင်း'၊ သို့မဟုတ် 'တောင်ကမ်းပါးယံ'ဟု ဆိုလိုသည်။ 'ပိလိဝန်ဂျင်' ကဲ့သို့သော စကားပုဒ်များ၌ 'ပိ'ကို 'ရပ်တည်ခြင်း' အနက်အဓိပ္ပာယ်ထွက် သည့် 'လိ'နှင့် တွဲစပ်၍ သုံးစွဲလေ့ရှိကြသည်။ လှုပ်ရှားယိမ်းယိုင်ခြင်း မရှိသောတံတိုင်း၊ သို့မဟုတ် ပုံပမာဆောင် အနက်အဓိပ္ပာယ်အရမူ မားမားမတ်မတ် တည်တံ့နေသော စိတ်နေစိတ်ထားမျိုးဟူ၍ ဆိုလိုသည်။ 'ဉာဏ်အလင်းရောင်ရခြင်း' အဓိပ္ပာယ်ထွက်သည့် 'ချူ' ကို အပြင်ပန်းအားဖြင့် နောက်စကားလုံးဖြစ်သည့် 'သိရှိနားလည်ခြင်း'၊ သို့မဟုတ် 'အာရုံစူးစိုက် ခြင်း' အနက်အဓိပ္ပာယ်ထွက်သော 'ကွမ်' နှင့် မည်သို့မှ အဆက်အစပ်မရှိသော စကားလုံးတစ်လုံး ဖြစ်သည့် 'ပိ' နှင့် ပြောင်းလဲဆက်စပ်ပေးခြင်း၏ အကြောင်းကား မည်သို့နည်း။ ယင်းထူးခြားဆန်းကြယ်သည့် အဆက်အစပ်မှာ လွန်စွာအရေးပါသည့် အချက်ဖြစ်သည်။ အကြောင်းမူကား ယင်းအပြောင်းအလဲသည် စကားဆက်တစ်ခုလုံး၏ အနက်အဓိပ္ပာယ်ကို ပြောင်းလဲပစ်လိုက်သောကြောင့်တည်း။

'ထေရုပ္ပတ္တိ'ကျမ်းပြုဆရာ တာအိုရှုအန်သည် ဈင်နှင့်ပတ်သက်သော သူ၏ဖွင့်ဆိုချက်၌ ဗောဓိဓမ္မ၏ 'တောချင်ပိကွမ်' (မဟာယာနတံတိုင်း ဝိပဿနာတရား) ကို တရုတ်ပြည်၌ အောင်မြင်မှုရရှိသော ဗောဓိဓမ္မ၏ အကျိုးကျေးဇူး အရှိဆုံးသော လုပ်ငန်းအဖြစ် ရည်ညွှန်းပြောပြထားသည်။ ထို့ကြောင့် ဗောဓိဓမ္မအား 'ပိကွမ်ဗြာဟ္မဏ'(တံတိုင်း ဝိပဿနာဆရာ ဗြာဟ္မဏ) ဟူ၍ ခေါ်ဝေါ်လေ့ရှိကြသည်။ ဂျပန်ပြည်၌ ဈင်ဗုဒ္ဓဘာသာ ဆိုတိုဂိုဏ်းဝင် ရဟန်းများသည် ကမ္မဋ္ဌာန်းဘာဝနာ ပွားများသည့်အခါ၌ နံရံတံတိုင်းကို မျက်နှာမူထိုင်ပြီး ကမ္မဋ္ဌာန်းဘာဝနာ ပွားများလျက် မိမိတို့ ဘာသာတရား

mgyoe.com

ခေါင်းဆောင်၏ နမူနာကို ယူကြလေသည်။ သို့ရာတွင် ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် 'ပီကွမ်'ဟူသော စကားလုံးကို အပေါ်ယံအနေလောက်သာ အနက်အဓိပ္ပာယ်ပြန်ယူခြင်း ဖြစ်၏ဟု အချို့ပညာရှင် များက အယူရှိကြသည်။ နံရံတံတိုင်းကို ငေးကြည့်ရုံမျှဖြင့် တာအိုရှုအန်၏ ဗောဓိဓမ္မ အတ္ထုပ္ပတ္တိ၌ ရေးသားပါရှိသည့်အတိုင်း ဗုဒ္ဓဘာသာလောက၌ တော်လှန်မှုကြီးတစ်ရပ်ကို အဘယ်မှာ အစပြုနိုင်မည်နည်းဟု ထိုပညာရှင်များက အကြောင်းပြကြသည်။ ဈင်ဗုဒ္ဓဘာသာ ပညာရှင်တစ်ဦးဖြစ်သူ စူဇူကီးကမူ 'ပီကွမ်'၏ အနက်အဓိပ္ပာယ်သည် နက်နဲသည်။ ယင်းအနက် အဓိပ္ပာယ်ကို ရှေးဟောင်းအထူးမှတ်တမ်းဟု အနက်ထွက်သည့် 'ပီချိ'မှ ထုတ်နုတ်ပြထားသည့် အောက်ပါ 'မှတ်တမ်း' ပါ စာပိုဒ်များအရ သိရှိနား လည်နိုင်သည်ဟု ဆိုထားသည်။

'ဆရာအရှင် ဗောဓိဓမ္မသည် ပထမတွင် ရှိုရင်ဂျိ (ရှိုလင်ဇု) ကျောင်းတိုက်၌ ကိုးနှစ်ကြာမျှ သီတင်းသုံးသည်။ ဒုတိယဈင်ဥသျှောင်အား ညွှန်ကြား ဆုံးမသည့်အခါ၌ ဗောဓိဓမ္မသည် အောက်ပါနည်းဖြင့်သာလျှင် ညွှန်ကြားဆုံးမသည်–'အပြင်အပအနေအားဖြင့် အားလုံးသော အဆက်အသွယ်များမှ ကင်းဝေးအောင်နေလော့။ အတွင်းသား အနေအားဖြင့် သင်၏စိတ်နှလုံးထဲတွင် အာသာဆန္ဒ မရှိအောင်နေလော့။ သင်၏စိတ်နှလုံးသည် မားမားမတ်မတ် တည်တံ့နေသည့် နံရံတံတိုင်းပမာ ဖြစ်လာပြားအံ့၊ သင်သည် တရားလမ်းစဉ် အတွင်းသို့ ဝင်ရောက်နိုင်ပေတော့သည်။ ဟိကီသည် စိတ်နှလုံး ကျိုးကြောင်းတရားကို နည်းအမျိုးမျိုးဖြင့် ရှင်းလင်းပြောပြရန် ကြိုးစားအားထုတ်သည်။ သို့ရာတွင် အမှန်တရား ကို မငုံမိပေ။ ဆရာအရှင် က 'မဟုတ်ဘူး၊ မဟုတ်ဘူး' ဟုသာ ပြောပြီး သူ၏တပည့်အား အတွေးအကြံကင်းသော အခြေအနေ၌ရှိသည့် (ပကတိ ကြည်လင်စင်ကြယ်သော အနေအထား၌ ရှိသည့်) စိတ်နှလုံး အနှစ်သာရအကြောင်းကို ရှင်းလင်းပြောပြရန် မည်သည့်အခါမှ အဆိုမပြုတော့ပေ။ (နောက်ပိုင်း၌) ဟိကီက ပြောသည်–'ယခု

mgyoe.com

mgyoe.com


အခါတွင် အားလုံး သော အဆက်အသွယ်များမှ မည်သို့ မည်ပုံ ကင်းဝေးအောင် နေရမည်ဆိုသည်ကို ကျွန်ုပ်သိမြင်ပြီ'။ ဆရာအရှင်က မေးသည်– 'သင် လုံးဝ ပယ်သတ်လိုက်ပြီလား'။ ဟိကိက ပြန်ဖြေသည်– 'ကျွန်ုပ် လုံးဝ ပယ်သတ်ခြင်းမပြုပါ'။ 'သင်၏ အဆိုပြုချက်ကို သင်ဘယ်လို သက်သေအထောက်အထား ပြမည်နည်း'။ 'ကျွန်ုပ်သည် အလွန်တရာ ရှင်းလင်းပြတ်သား စွာ သိရှိနားလည်ပါသည်။ သို့ရာတွင် စကားဖြင့် ထုတ်ဖော် ပြောပြဖို့ရန်မှာမူ မဖြစ်နိုင်ပါ'။ ထိုအခါ ဆရာအရှင်က မိန့်ဆို၏။ 'ယခု သင်ပြောသည့် အချက်မှာ ဗုဒ္ဓအဆက်ဆက် ညွှန်ကြားဖြန့်ဖြူးခဲ့သည့် စိတ်နှလုံး အနှစ်သာရပင် ဖြစ်ပေ သည်။ သံသယ တစိုးတစိမရှိလေနှင့်' ”

အထက်ပါစာပိုဒ်၌ ဗောဓိဓမ္မ၏ တရားအဆုံးအမ၌ ပါရှိသော ဆိုလိုရင်းကို အကျဉ်းရုံး၍ ဖော်ထုတ်ထားလေသည်။ ယင်းစာပိုဒ်၌ 'ပိကွမ်' ၏ အနက်အဓိပ္ပာယ်အမှန်ကို အဖြေပေးထားသည်။ 'ပိကွမ်'ဟူသော စကားလုံးသည် ဗောဓိဓမ္မခေတ်က ထူးခြားဆန်းကြယ်သော စကားလုံးတစ်လုံး ဖြစ်နေပေလိမ့်မည်။ ဗောဓိဓမ္မ၏ အမြင်သည် 'ပိ'ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ပေါ်၌ အခြေခံနေသည်။ ယင်းအမြင်သည် ပြတ်သားသည်။ ထိတွေ့ဖမ်းကိုင်၍ ရသည်။ မှုန်ဝါးဝါးဖြစ်မနေပေ။ ထို့ကြောင့် တာအိုရှုအန်က ဗောဓိဓမ္မ၏တရားကို တေချင်ပိကွမ် (မဟာယာနတံတိုင်း ဝိပဿနာတရား) ဟု အထူးအားဖြင့် ရည်ညွှန်းပြောပြထားခြင်း ဖြစ်လေသည်။ ဗောဓိဓမ္မ၏ နှစ်မျိုးသော ဝင်ရောက်ခြင်းတရားနှင့် လေးမျိုးသော အပြုအမူ တရားတို့၌ ဈင်နှင့်ပတ်သက်သည့် ထူးခြားချက် ဘာမှမရှိပေ။ သူ့ကို တရုတ်ပြည်၌ ဈင်ဗုဒ္ဓဘာသာ၏ ပထမဦးဆုံးသော ဥသျှောင်အဖြစ် သို့ရောက်အောင် ပို့ဆောင်သည့်အရာမှာ သူ၏ပိကွမ် (တံတိုင်း ဝိပဿနာတရား) တရားမျှသာလျှင် ဖြစ်ပေသည်။

'သကျမုနိ၏ တရားဒေသနာပြန့်ပွားပုံ' ကျမ်းပြုဆရာက 'ပိကွမ်' ကို အပေါ်ယံ၌ မြူမှုန်များ ဖုံးအုပ်ထားခြင်းမရှိသည့် စိတ်၏အခြေအနေဟု

mgyoe.com

mgyoe.com



အနက်အဓိပ္ပာယ် ပြန်ထားလေသည်။ သို့ရာတွင် မည်သည့်အချက်အလက်ကို ကိုးကားပြီး ယင်းသို့ အနက်အဓိပ္ပာယ် ကောက်ယူသည် ဆိုသည်ကိုမူ ပြောပြမထားပေ။ 'ပိကွမ်'ကို တံတိုင်းကိုငေးကြည့်ခြင်းဟု သာမန် အနက်အဓိပ္ပာယ် ကောက်ယူခြင်းမှာမူ တိမ်လွန်းလှသည့် အယူအဆ ဖြစ်သည်ဟု အချို့က အယူရှိလေသည်။ အကယ်၍ တရုတ်ပြည်၌ ဈင်ဗုဒ္ဓဘာသာ တည်ထောင်သူ၏အဖြစ်ဖြင့် ထင်ရှားသော ဗောဓိဓမ္မအရှင်၏ ထူးခြားသောတရားကို ယခုအထိ ထင်ရှားရှိနေသည့် သူ၏စာများထဲတွင် ရှာဖွေမည်ဆိုလျှင် ယင်း 'မဟာယာနတံတိုင်း ဝိပဿနာတရား' ထဲမှာသာ တွေ့ရမည်ဟူ၍ ပညာရှင်များက မှတ်ချက်ချကြလေသည်။

## ဈင်နှင့်နီးစပ်သော သုတ္တန်များ

ဗောဓိဓမ္မ ရေးသားထားခဲ့သည့် ယင်းစာအပြင် သက္ကတဘာသာဖြင့်ရှိသော လင်္ကာဝတာရသုတ္တ၊ ဝဇရသမာဓိသုတ္တ၊ ဝဇရိစ္ဆေဒိကာသုတ္တများမှာလည်း ဗောဓိဓမ္မ ဟောကြားခဲ့သည့် တရားအချက်အလက်နှင့် ပတ်သက်၍ အရိပ်အမြွက် သိရှိရပေသည်။ ဈင်သည် အခြားသော ဗုဒ္ဓဘာသာဂိုဏ်းများကဲ့သို့ မိမိတို့ဂိုဏ်း၏ အခြေခံဖြစ်သော ပိဋကတ်ကျမ်းစာဟု ခေါ်သည့် သုတ္တန်တစ်စုံတစ်ရာကို လက်ကိုင်မထားပေ။ သို့ရာတွင် ဗောဓိဓမ္မသည် သူ၏ပထမဦးဆုံး တပည့်ဖြစ်သည့် ဟိကိ (ယီက) အား 'လင်္ကာ ဝတာရသုတ်' ကို ဈင်နှင့်အနီးစပ်ဆုံး တရားအဆုံးအမ ပါရှိသည့်သုတ်ဖြစ်ကြောင်း မိန့်မှာခဲ့လေသည်။ ထို့ကြောင့် ဗောဓိဓမ္မ လွန်ပြီးသည့်နောက်၌ ဈင်ပညာရှိတို့သည် ယင်းသုတ္တန်ကို အဓိကထားပြီး လေ့လာသင်ကြားကြလေသည်။ 'ဝဇရသမာဓိ' သုတ်၌ ဈင်အတွေးအခေါ် ပါရှိနေသည် ဆိုသည့်အချက်ကား ဗောဓိဓမ္မကိုယ်တိုင် သူ၏စာ၌ ယင်းသုတ်ကို ကိုးကားဖော်ပြထားချက်အရ သိသာထင်ရှားပေသည်။

'ဝဇရိစ္ဆေဒိကာသုတ္တ'နှင့် ပတ်သက်၍မူ ပဉ္စမဈင်ဥသျှောင်ဟန်ဂျင် (ဂန်နင်) မတိုင်မီက ယင်းသုတ်သည် ဈင်နှင့်ဆက်စပ်မှု မရှိသေးဟု အချို့က ထင်ကြသည်။ အကြောင်းမူကား ပထမဆုံးစ၍ ယင်းသုတ်ကို မိမိ၏ တပည့်တပန်းများအတွင်း၌ ဖြန့်ဖြူးသူမှာ ဟန်ဂျင်ပင် ဖြစ်သောကြောင့်တည်း။

mgyoe.com

mgyoe.com

သို့ရာတွင် ဟူအိနင်၏ 'ဝဇရိစ္ဆေဒိကာ'သုတန် နိဒါန်း၌ကား –ဇောဓိဓမ္မသည် တရုတ်ပြည်သို့ ရောက်ရှိလာသည့် အချိန်မှစ၍ ယင်းသုတ်၏ အနက် အဓိပ္ပာယ်ကို ဖြန့်ဖြူးလိုသောဆန္ဒဖြင့် လူအပေါင်းတို့အား ဓမ္မကို သိရှိ နားလည်စေသည်၊ သဘာဝကို ထိုးထွင်းသိမြင်စေသည်ဟု ရေးသားထားလေ သည်။ အကယ်၍ ထိုအတိုင်းမှန်ကန်ပါက ဇောဓိဓမ္မ သည် တရုတ်ပြည်၌ သူ၏ဘဝကို အစပြုသည့်အချိန်မှစပြီး ယင်းသုတ် အကြောင်းကို သိရှိပြီး ဖြစ်ပေလိမ့်မည်။ ထို့ပြင် ယင်းသုတ်နှင့် ဈင်၏ ဆက်သွယ်မှုသည် လင်္ကာ ဝတာရသုတ်နှင့် ဈင်၏ဆက်သွယ်မှုထက် ပင်ရင်းကျပေလိမ့်မည်။ ဟန်ဂျင် ၏ ခေတ်ကျမှ ယင်းသုတ် ထင်ရှားလာသည်ဟူသော အယူအဆကိုလည်း ပြန်ပြင်ရလိမ့်မည်။ မည်သို့ပင်ဖြစ်စေ လင်္ကာဝတာရသုတ်သည် အလွန်တရာ အသိခက်သောကြောင့် ဈင်ဗုဒ္ဓဘာသာ ဩဇာအရှိန်အဝါရလာသည်နှင့်အမျှ ဝဇရိစ္ဆေဒိကာသုတ်က အသာရလာမည်မှာ သဘာဝ ဖြစ်ပေသည်။ ဗုဒ္ဓစာပေ 'ပညာပါရမီတာ' အမျိုးအစားတွင် ပါဝင်သည့် သုတ်တစ်သုတ်ဖြစ်ခြင်း ကြောင့် ဝဇရိစ္ဆေဒိကာ သုတ္တန်ဒေသနာသည် လွယ်ကူမှုရှိသည့်အပြင် 'လာအိုဇူ' အတွေး အခေါ်ဖြစ်သည့် သုညတအယူအဆနှင့် ဆက်နွယ်မှုလည်း ရှိလေသည်။ တရုတ်လူများစုအတွက် ယင်းသုတ်၏ သုညတ သဘော တရားကို နားလည် သဘာပေါက်ဖို့ရန်မှာ မခဲယဉ်းတော့ပေ။ အမှန်စင်စစ် ကား ယင်းသဘောတရားသည် တရုတ်အတွေးအခေါ်၏ အချို့သော အချက် အလက်များနှင့် ကိုက်ညီနေပေသည်။

သို့ရာတွင် ဈင်ဗုဒ္ဓဘာသာဝင်များအတွက် ကျမ်းဂန်အားလုံးမှာ လဝန်းကို ညွှန်ပြသည့် လက်ညှိုးများသာ ဖြစ်လေသည်။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား သူ၏အဇ္ဈတ္တသဘာဝကို တကယ်တမ်း သိမြင်စေမည့် အရာဟူ၍ ကျမ်းဂန်များ၌ ဟူးဟူးငြားငြားမရှိပေ။ အကြောင်းမူကား ယင်း ကဲ့သို့ သိမြင်ခြင်းသည် ကျမ်းဂန်စာပေကို သိရှိနားလည်ခြင်းမှအပ မိမိ ကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုဖြင့်သာ ရရှိနိုင်သည့် သိမြင်ခြင်း၊ သဘော ပေါက်ခြင်းမျိုး ဖြစ်သောကြောင့်တည်း။ 'လင်္ကာဝတာရ'၊ 'ဝဇရသမာဓိ' 'ဝဇရိစ္ဆေဒိကာ' အပါအဝင်ဖြစ်သော ဗုဒ္ဓဘာသာကျမ်းဂန်အားလုံးမှာ အမှန် တရားကို တကယ်ရှာမှီးလိုသော ပုဂ္ဂိုလ်အတွက် အချက်အလက်လုံးတီးကို
mgyoe.com

mgyee.com

လက်အိတ် စွပ်မထားသည့်လက်ဖြင့် ဆုပ်ကိုင်ထားဖို့ရန် ရည်ရွယ်ချက်ရှိနေသမျှ ကာလ ပတ်လုံး အကူအညီအထောက်အပံ့များစွာ မဖြစ်နိုင်ပေ။ မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုဖြင့် မိမိ၏အစ္စျတ္တအသိဉာဏ် ပွင့်လင်းသွားမှသာ အကူအညီအထောက်အပံ့ ဖြစ်နိုင်ပေသည်။ စာပေသည် လမ်းကို ညွှန်ပြမှသာ အကူအညီ အထောက်အပံ့ ဖြစ်နိုင်ပေသည်။

## ဗောဓိဓမ္မ၏ နောက်ပိုင်းဘဝ

အိန္ဒိယပြည်၌နေစဉ် ဗောဓိဓမ္မ၏ ရှေ့ပိုင်းဘဝဖြစ်စဉ်မှာ 'မှတ်တမ်း'၌ ပြဆိုထားသည့်အတိုင်း ဒဏ္ဍာရီဆန်သော အချက်အလက် အများအပြား ပါဝင်နေ၍ ယုံကြည်နိုင်ဖွယ်ရာ မရှိသော်လည်း နောက်ပိုင်းဘဝ ဖြစ်စဉ်ကိုမူ ခပ်လွယ်လွယ်ဖြင့် ခေါင်းခါပစ်၍မရပေ။ ဗောဓိဓမ္မ တရုတ်ပြည် ရောက်လာသောအခါ ပထမဆုံး စ၍တွေ့သော ဧရာမပုဂ္ဂိုလ်ကြီးမှာ ထိုခေတ်က အကြီးမားဆုံးသော သာသနာ့ ဒါယကာကြီးဖြစ်သည့် လီယန်ဘုရင် ဖြစ်လေသည်။ ဆရာနှင့်ဒကာတို့ တွေ့ဆုံပုံမှာ ဤသို့တည်း။

လီယန်ဘုရင်ကြီးဝူက ဗောဓိဓမ္မအား မေးလျှောက်လိုက်သည်။

"ထီးနန်းစိုးစံသည့်အချိန်မှစ၍ တပည့်တော်သည် ကျောင်းကန် ဘုရားများကို အမြောက်အမြား တည်ဆောက်ခဲ့ပါ၏။ ပိဋကတ်ကျမ်းစာများကို အများအပြား လှူဒါန်းခဲ့ပါ၏။ ဘိက္ခုနှင့် ဘိက္ခုနီ အများအပြားကို လှူဒါန်း ထောက်ပံ့ခဲ့ပါ၏။ တပည့်တော်၏ ကုသိုလ်ကောင်းမှုများ အကျိုးဖြစ်ထွန်းပါမည်လော"

ဗောဓိဓမ္မက တုံးတိပင် ဖြေလိုက်သည်– "မဖြစ်ထွန်းပါ မင်းကြီး"

ဘုရင်မင်းကြီးက အံ့အားသင့်ပြီး ပြန်လျှောက်လေသည်။ "အဘယ်ကြောင့်ပါနည်း အရှင်ဘုရား"

"ထိုအပြုအမူအားလုံးမှာ အညံ့စား အပြုအမူများသာ ဖြစ်ကြ၏။ ထိုအပြုအမူများသည် ပြုလုပ်သူအား လူ့ပြည်၊ နတ်ပြည်၌ ပြန်လည် မွေးဖွားစေပြီး သံသရာရှည်စေ၏။ လောကီနယ်ထဲက အမှတ်လက္ခဏာများ ဖြစ်၏။ လူသွားရာနောက်သို့ လိုက်သည့်အရိပ်နှင့် ပမာတူ၏။ ထိုအပြုအမူများသည် တကယ်ထင်ရှားရှိသည်ဟု ထင်ရသော်လည်း

mgyee.com

mgyoe.com


ထင်ရှားမရှိသည့် အရာများသာဖြစ်၏။ အမှန်တကယ် အကျိုးဖြစ်ထွန်းမည့် အပြုအမူမှာမူ စင်ကြယ်မြင့်မြတ်သော ပညာဉာဏ်နှင့်ယှဉ်သော၊ ပြီးပြည့်စုံသော အပြုအမူသာဖြစ်၏။ ယင်းအပြုအမူ အမှန်သဘောသည် လူ့အသိဉာဏ်ဖြင့် ထိတွေ့၍ ရစကောင်းသည့် အရာမဟုတ်။ လောကီအောင်မြင်မှုဖြင့် ရှာဖွေတွေ့ရှိနိုင်သည့် အရာလည်းမဟုတ်"

ဘုရင်ဝူက မေးလျှောက်ပြန်သည်– "မြင့်မြတ်သော တရားတော်၏ ပထမအခြေခံမူမှာ မည်သည့်အရာ ဖြစ်ပါသနည်း"

"ကျယ်ပြန့်သော သုညတတရားဖြစ်၏။ မြင့်မြတ်သည်ဟု ခေါ်ရသည့် မည်သည့်အရာမျှ မရှိပါ၊ မင်းကြီး"

"သို့ဖြစ်ပါမူ တပည့်တော်၏ ရှေ့မှောက်ရောက်နေသူမှာ မည်သူမည်ဝါပါနည်း"

"ကျုပ် မသိပါ မင်းကြီး"

ဗောဓိဓမ္မ၏ အဖြေမှာ လွယ်သည်။ ရှင်းလင်းပြတ်သားသည်။ သို့ရာတွင် သဒ္ဓါတရားထက်သန်သော စာပေကျမ်းဂန် တတ်ကျွမ်းသော ဘုရင်မင်းကြီးသည် ဗောဓိဓမ္မ ပြောပြသည့် သဘောထားတစ်ခုလုံး၏ အနှစ်သာရကို မဆုပ်ကိုင်နိုင်ပေ။

ဘုရင်မင်းကြီးအား အကျိုးဖြစ်ထွန်းစေနိုင်ဖို့၊ အကူအညီပေးနိုင်ဖို့ မမြင်သဖြင့် ဗောဓိဓမ္မသည် ဘုရင်မင်းကြီး၏နိုင်ငံမှ ထွက်ခွာခဲ့ပြီးလျှင် ဝီနယ်ရှိ ကျောင်းတိုက်တစ်တိုက်တွင် သီတင်းသုံးနေလေသည်။ ထိုကျောင်း၌ ဗောဓိဓမ္မသည် ကိုးနှစ်ကိုးမိုးတိုင် 'တံတိုင်းဘာဝနာ ကမ္မဋ္ဌာန်း' ကို တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်ပြီးစီးဖြန်းနေလေရာ သူ့အား 'ပိကွမ် ဗြာဟ္မဏ' ခေါ်ဝေါ်ကြသည့် အချိန်ကာလအထိပင် ဖြစ်လေသည်။

တစ်နေ့သ၌ ရှင်ကောင်အမည်ရှိ ရဟန်းတစ်ပါးသည် ဗောဓိဓမ္မထံသို့ ရောက်လာပြီး ဈင်တရားကို ညွှန်ကြားဟောပြရန် အနူးအညွတ် တောင်းပန်လေသည်။ သို့ရာတွင် ဗောဓိဓမ္မမှ မတုန်မလှုပ်သာ လုပ်နေသည်။ ရှင်ကောင်သည် စိတ်ပျက်မသွားပေ။ အကြောင်းမူကား အတိတ်က ဓမ္မဆရာ အရှင်မြတ်အားလုံးသည် အစမ်းအသပ် ခံစေပြီးမှသာလျှင် သူတို့၏ တရား အဆုံးအမကို ဖွင့်ဟခဲ့ကြသည် ဆိုသည့်အကြောင်းကို သိရှိထားသောကြောင့်တည်း။

mgyoe.com

mgyoe.com


တစ်ညနေခင်းတွင် ရှင်ကောင်သည် ဗောဓိဓမ္မက သူ့ကို သတိပြုလိုပြုငြား နှင်းတောထဲတွင် ရပ်စောင့်နေလေသည်။ စောင့်ရင်းစောင့်ရင်းနှင့် နှင်းထု နှင်းခဲများ များလာသောကြောင့် သူ၏ ဒူးဆစ်အထိသည် နှင်းထု နှင်းခဲများ ထဲတွင် ကျွံနစ်သွားလေသည်။

နောက်ဆုံး၌ ဆရာအရှင်ဗောဓိဓမ္မသည် ရှင်ကောင်ဘက် လှည့်ပြီး ပြောလိုက်လေ၏။

"သင် ဘာအလိုရှိ၍ လာသနည်း"

"အရှင်ဘုရား၏ အဖိုးမဖြတ်နိုင်သော တရားအဆုံးအမကို ရယူလိုသောကြောင့် လာရောက်ခဲ့ခြင်းဖြစ်ပါသည်။ အရှင်ဘုရား၏ ကရုဏာတံခါးကို ဖွင့်ပြီး သည်က ဒုက္ခသည်တပည့်ထံ အရှင်ဘုရား၏ နိဗ္ဗာန်လက်ကို ကမ်းလှမ်းတော်မူပါ"

"အတုမရှိသည့် ဗုဒ္ဓတရားတော်မှာ ကြာရှည်လေးမြင့်စွာ ခက်ခဲသော ကျင့်ဝတ်သိက္ခာကို စောင့်စည်းပြီးသည့်နောက်မှ၊ ခံနိုင်ဖို့ရန် ခက်ခဲသည့် အခက်အခဲကို ကျော်လွန်ပြီးသည့်နောက်မှ၊ ကျင့်ကြံအားထုတ်ဖို့ရန် ခက်ခဲသည့် အကျင့်တရားကို ကျင့်ကြံအားထုတ်ပြီးသည့်နောက်မှ၊ တွေ့မြင်သိရှိရသည့်အရာ ဖြစ်ပေ၏။ အသိပညာနှင့် ပါရမီဓာတ်ခံနည်းသော ပုဂ္ဂိုလ်တို့မှာမူ ဗုဒ္ဓတရားတော်ကို သိမြင်သဘောပေါက်ဖို့ မလွယ်။ ထိုပုဂ္ဂိုလ်များ၏ ကြိုးစားအားထုတ်မှုများမှာ အချည်းနှီး အလဟဿသာ ဖြစ်ပေလိမ့်မည်"

နောက်ဆုံး၌ ရှင်ကောင်သည် အသင့်ယူဆောင်လာသည့် ဓားဖြင့် သူ၏ဘယ်ဘက်လက်ကို ဖြတ်လိုက်ပြီးလျှင် အားလုံးသောဗုဒ္ဓတို့၏ တရားဒေသနာတော်ကို နာယူလိုသော သူ၏ရိုးသားသော စိတ်ဆန္ဒ၏ အထိမ်းအမှတ်အဖြစ်ဖြင့် ပြတ်သွားသောလက်ကို ဆရာအရှင်ဗောဓိဓမ္မ၏ ရှေ့တွင် ဆက်ကပ်လိုက်လေသည်။ ဤတွင် ဗောဓိဓမ္မက ပြောလိုက်လေ သည်။

"ဗုဒ္ဓ၏တရားတော်သည် သူတစ်ပါးထံမှ ရှာမှီးဆည်းပူး၍ ရစကောင်းသည့်အရာ မဟုတ်ပေ"

"တပည့်တော်၏ စိတ်နှလုံးသည် ငြိမ်းချမ်းမှု မရရှိသေးပါ။ တပည့်တော်၏ စိတ်နှလုံးကို ငြိမ်းချမ်းမှုရအောင် ဆောင်ရွက်ပေးတော်မူပါ"

mgyoe.com

mgyoe.com


"သင်၏စိတ်နှလုံးကို ငါ့ရှေ့ယူလာခဲ့။ ငါ ငြိမ်းချမ်းအောင် လုပ်ပေးမည်"

ရှင်ကောင်သည် ခဏမျှ တွေဝေသွားလေသည်။ သို့ရာတွင် အဆုံး၌ ဤသို့ လျှောက်ထားလိုက်လေသည်။

"တပည့်တော်သည် စိတ်နှလုံးကို ရှာမှီးလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာရှိလာလေပြီ။ သို့ရာတွင် ယခုထက်ထိ ရှာဖွေတွေ့ရှိခြင်း မရှိသေးပါ"

"ယင်းသို့ဖြစ်လျှင် သင်၏စိတ်နှလုံးသည် ထာဝစဉ် ငြိမ်းချမ်းမှုကို ရရှိသွားလေပြီ"

ထို့နောက် ဗောဓိဓမ္မက ရှင်ကောင်အား 'ဟိကီ'ဟု အမည်ပြောင်းလိုက်ရန် ညွှန်ကြားပြောပြလေသည်။

အချိန်ကာလအားဖြင့် ကိုးနှစ်ကြာရှိသွားသည်။ ဗောဓိဓမ္မသည် မိမိ၏ဇာတိနိုင်ငံသို့ ပြန်လိုသည့်စိတ်ဆန္ဒ ဖြစ်ပေါ်လာလေသည်။ သို့ဖြစ်၍ မိမိ၏တပည့်များကို ခေါ်ပြီး အမိန့်ရှိလေသည်။ "ငါ ဒီနိုင်ငံက ထွက်ခွာသွားဖို့ အချိန်ရောက်ပြီ။ သင်တို့ မည်ကဲ့သို့ အရအမိ ရှိကြပြီဆိုသည်ကို ငါ သိလိုသည်"

တာအိုဖုအမည်ရှိ တပည့်တစ်ဦးကပြော၏။ "ကျွန်ုပ်သိသမျှ ဆိုလျှင် အမှန်တရားဟူသည် မှန်၏။ သို့မဟုတ် မမှန်ဟု ပြောဆိုရခြင်းမှအပဖြစ်သည်။ အကြောင်းမူကား ယင်းသည် အမှန်တရားသွားသည့် လမ်းဖြစ်သောကြောင့်တည်း"

ဗောဓိဓမ္မက ပြော၏ "သင် ငါ၏အရေပြားကိုရပြီ"

ထို့နောက် တန်ချီအမည်ရှိ ဘိက္ခုနီမက ဆို၏။ "ကျွန်ုပ် သိသမျှ ဆိုရလျှင်ကား အမှန်တရားဟူသည် ဗုဒ္ဓလောကကို အာနန္ဒာမြင်ပုံမျိုးအတိုင်း တစ်ကြိမ်သာ တွေ့မြင်လိုက်ရပြီး နောက်ထပ် ဘယ်တော့မှ မတွေ့မြင်ရတော့သည့် အရာဖြစ်သည်"

ဗောဓိဓမ္မက ပြော၏။ "သင် ငါ၏အသားကိုရပြီ"

ထို့နောက် တာအိုယုအမည်ရှိ တပည့်တစ်ဦးက ပြောပြန်သည်။ "ဓာတ်ကြီးလေးပါးတို့သည် သုညဖြစ်ကုန်၏။ ခန္ဓာငါးပါးတို့သည်လည်း

mgyoe.com

mgyoe.com


ဘာမှမဟုတ်ကုန်။ ကျွန်ုပ်အမြင်၌ အမှန်တရားအဖြစ်ဖြင့် ဆုပ်ကိုင်ရရှိသည့် အရာဟူ၍ ဘာတစ်ခုမျှမရှိပေ"

ဗောဓိဓမ္မက ပြော၏။ "သင် ငါ၏အရိုးကိုရပြီ"

နောက်ဆုံး ရှင်ကောင်ခေါ် ဟိကီ၏အလှည့် ရောက်လာသည်။ ဟိကီသည် မိမိနေရာတွင် မတ်တတ်ရပ်လျက် ဆရာအရှင်အား ရိုသေကျိုးနွံစွာ လက်အုပ်ချီပြီး ရှိခိုးနေသည်။ ပါးစပ်ကမူ ဘာတစ်ခွန်းမှမပြော။

ဗောဓိဓမ္မက ပြော၏။ "သင် ငါ၏ခြင်ဆီအနှစ်ကိုရပြီ"

တရုတ်ပြည်၌ ဗောဓိဓမ္မ၏ ဘဝနိဂုံးကား လျှို့ဝှက်မှုအပြည့် ရှိနေသည်။ ဗောဓိဓမ္မသည် ဤပထဝီမြေပေါ်မှ မည်သည့်အချိန်ကာလ၊ မည်သည့်နေရာဌာနတွင် ကွယ်လွန်သွားသည်ဆိုသည်ကို မသိရပေ။ ပြိုင်ဘက်များက သူ့ကို အဆိပ်ကျွေးပြီး သတ်ပစ်လိုက်သည်ဟု အချို့က ဆိုကြသည်။ အချို့ကလည်း ဗောဓိဓမ္မသည် သဲကန္တာရကိုဖြတ်ကျော်ပြီး အိန္ဒိယနိုင်ငံသို့ ပြန်သွားသည်ဟု ဆိုကြသည်။ အချို့ကမူ ဗောဓိဓမ္မသည် ဂျပန်နိုင်ငံ ကြွသွားသည်ဟု ဆိုကြသည်။ အားလုံး တညီတညွတ်တည်း လက်ခံအတည်ပြုကြသော အချက်တစ်ချက်မှာမူ ဗောဓိဓမ္မသည် အသက်ရာကျော်ရှည်သည် ဟူသောအချက်ဖြစ်သည်။ တာအိုရှုအန်၏ အလိုအရ ကွယ်လွန်ချိန်၌ ဗောဓိဓမ္မသည် အသက်တစ်ရာ့ငါးဆယ် ရှိသည်ဟု သိရသည်။

## ဈင်ဒုတိယဥသျှောင်

ဗောဓိဓမ္မနောက် ဟိကီ (၄၈၆–၅၉၃) က ဈင်ဗုဒ္ဓဘာသာ၏ ဂိုဏ်းခေါင်းဆောင်ဥသျှောင် ဖြစ်လာလေသည်။ ဟိကီသည် ဗောဓိဓမ္မထံတရားအဆုံးအမ နာယူသင်ကြားရန် ရောက်မလာခင်ကပင် တရုတ်ဂန္ထဝင် ကျမ်းဂန်များကိုသာမက ဗုဒ္ဓစာပေကျမ်းဂန်များကိုပါ တတ်မြောက်ကျွမ်းကျင်ထားသည့် ပညာရှိတစ်ဦးဖြစ်လေသည်။ သို့ရာတွင် ဘယ်လောက်ပင် ကျွမ်းကျင်တတ်မြောက်သော်လည်း ကျေနပ်အားရခြင်း မရှိသေးပေ။ အမှန်စင်စစ်ကား သူသည် သူ့နည်းသူ့ဟန်ဖြင့် ဉာဏ်အလင်းရရှိပြီး ဖြစ်ဟန်တူပေသည်။ မိမိသိမြင် သဘောပေါက်ပြီးဖြစ်သည့် ဉာဏ်အလင်း ကို ဗောဓိဓမ္မထံတွင် အစမ်းအသပ်ခံကြည့်ရန် ရောက်သွားခြင်းဖြစ်လေသည်။

mgyoe.com

mgyee.com


ဆရာအရှင် ဗောဓိဓမ္မထံမှ ခွဲခွာလာပြီးသည့်နောက် ဟိကီသည် ချက်ချင်း တရားဓမ္မကို ဟောပြခြင်းမပြုလုပ်သေးဘဲ အောက်တန်းလူ့အလွှာထဲတွင် ခပ်လျှိုလျှို ခပ်ကုပ်ကုပ်သာ နေထိုင်လေသည်။ ဂန္ထန္တရ ဝိဒူ အဓိကရ ဆရာတော်ကြီး တစ်ပါးအဖြစ် လေးစားရိုသေခြင်း ခံရမှာစိုးသဖြင့် သူသည် ခပ်လျှိုလျှို ခပ်ကုပ်ကုပ်သာနေလေသည်။ သို့ရာတွင် အခွင့်ကြုံလာလျှင်ကား တိုးတိုးတိတ်တိတ် တရားဓမ္မ ဟောကြားမှုကို ပြုလေသည်။ ဟိကီသည် ခပ်အေးအေး ခပ်ကုပ်ကုပ် နေထိုင်လိုသည်။ လူမြင်ကွင်းသို့ မထွက်လိုပေ။ သို့ရာတွင် တစ်နေ့သ၌ ကျောင်းတိုက်တစ်ခု၏ အဝင်ဝ၌ ဟိကီတရားဟောနေစဉ် ထိုကျောင်းတိုက်အတွင်း၌လည်း ဂုဏ်သိက္ခာနှင့် ပညာအရာတွင် ကျော်စောသော ကျောင်းထိုင်ဆရာတော်၏ တရားပွဲတစ်ခု ကျင်းပပြုလုပ်နေလေသည်။ ထိုအခိုက် ကျောင်းထိုင်ဆရာတော်၏ တရားပွဲမှ တရားနာပရိသတ်များသည် ကျောင်းတိုက်အတွင်းက တရားဟောဓမ္မကထိကကို စွန့်ခွာပြီး သက်န်းစုတ် သက်န်း ညစ်ကို ဝတ်ရုံပြီး အပြင်ပန်းအားဖြင့် သမဏသာရုပ်မရှိသည့် လမ်းပေါ်က ရဟန်း၏ဆီးတွင် ဝိုင်းအုံလာကြသည်။ ဓမ္မကထိက ကျောင်းထိုင်ဆရာတော်သည် အကြီးအကျယ် ဒေါသထွက်သွားလေသည်။ သို့ဖြစ်၍ လမ်းပေါ်က ရဟန်းအား တရားဓမ္မကို ဖောက်လွဲဖောက်ပြန်ဟောကြားနေသူအဖြစ် အာဏာပိုင်များထံတွင် စွဲချက်တင်လိုက်လေသည်။ ဤတွင် ဟိကီကို ဖမ်းဆီးချုပ်နှောင်ပြီး သေဒဏ်ပေးလိုက်လေသည်။ ဟိကီသည် သူ့အပြစ်ကင်းကြောင်း မထုချေပေ။ ကမ္မနိယာမအရ ကြွေးဟောင်းကို သူဆပ်ရခြင်းဖြစ်ကြောင်းလောက်သာ ပြောပြီး သေဒဏ်ကိုလည်စင်းခံလိုက်လေသည်။ ယင်းအဖြစ်အပျက် ဖြစ်ပျက်သည်မှာ အေဒီ ၅၉၃–ခုနှစ် တွင် ဖြစ်သည်။ အသတ်ခံရသောအချိန်၌ ဟိကီ၏အသက်မှာ တစ်ရာ့ ခုနစ်နှစ် ရှိနေပြီ။

တာအိုရှုအန်၏ ရေးသားချက်အရ ဟိကီ၏တရားစကားသည် သူ၏နှလုံးသားထဲမှ တိုက်ရိုက်ထွက်လာသည့် တရားစကားဖြစ်သည်။ ကျမ်းဂန်ထဲမှ ထွက်လာသည့် တရားစကားမဟုတ်ပေ။ ပညာရှိဆန်ဆန် ပြောကြားသည့် တရားစကားလည်း မဟုတ်ပေ။ မြို့တစ်မြို့၌ ချင်တရားကို ဟောကြားသည့်အခါ စာပေကျမ်းဂန်၏ အနှောင်အဖွဲ့ထဲမှ ရုန်းမထွက်နိုင်သည့် ပုဂ္ဂိုလ်

mgyoe.com

mgyoe.com


များက သူဟောသည့်တရားကို မိစ္ဆာဒိဋ္ဌိစကားဟု ဆန့်ကျင်ကြလေသည်။ ယင်းပုဂ္ဂိုလ်များအနက် နောက်လိုက်တပည့်တပန်း တစ်ထောင်ခန့်ရှိသော တာအိုဟုယန်အမည်ရှိ ကမ္မဋ္ဌာန်းဆရာကြီးတစ်ဦးသည် ဟိကီအပေါ်တွင် မလိုသည့်နှလုံးထားရှိသဖြင့် ဟိကီ ဘယ်လို ပုဂ္ဂိုလ်မျိုးစားဖြစ်သည်ကို အတိအကျသိရန် သူ့တပည့်တစ်ဦးအား အစုံစမ်းခိုင်းလိုက်လေသည်။ ထိုတပည့်သည် မိစ္ဆာဒိဋ္ဌိတရားဟု သမုတ်ထားသည့် ဟိကီ၏တရားကို နာလိုက်ရသည်နှင့်တစ်ပြိုင်နက် အလွန်တရာ နှစ်သက်ကျေနပ်သွားသည်ဖြစ်၍ ဈင်ဂိုဏ်းဝင်တစ်ဦး ဖြစ်သွားလေသည်။ တာအိုဟုယန်သည် ပထမ တပည့်ကို ပြန်ခေါ်ရန်အတွက် ဒုတိယတပည့်ကို လွှတ်လိုက်ပြန်လေသည်။ သို့ရာတွင် ဒုတိယတပည့်လည်း ပထမတပည့်၏ ထုံးကို နှလုံးမူလိုက်ပြန်လေသည်။ နောက်တစ်ယောက်ပြီး တစ်ယောက် တပည့်များကို ထပ်ကာထပ်ကာ လွှတ်လေသည်။ သို့ရာတွင် အကြောင်းမထူးပေ။ နောက်အတန်ကြာသောအခါ တာအိုဟုယန်သည် သူ၏ပထမတပည့်ကို တွေ့သည်ဖြစ်၍ အကျိုးအကြောင်းမေးကြည့်လေသည်။ "ငါလူလွှတ်ပြီး မင်းကို အကြိမ်များစွာခေါ်ခဲ့သည်မှာ အကြောင်း မည်သို့မှ မထူးပါကလား။ ငါဟာ အပင်ပန်းခံပြီး မင်းမျက်စိကို ဖွင့်ပေးခဲ့ရ တယ်"

ထိုအခါ ပထမတပည့်က ပြန်ပြောလိုက်လေသည်။ "ကျွန်ုပ်၏ မျက်စိသည် အစပထမက အကောင်းပကတိပင် ရှိခဲ့တယ်။ သင်လုပ်လိုက်မှ စွေစောင်းသွားတယ်"

ကမ္မဋ္ဌာန်းဆရာကြီးသည် အကြီးအကျယ် ဒေါပွလေသည်။ တာအိုရှုအန်၏ အဆိုအရ ထိုကမ္မဋ္ဌာန်းဆရာကြီး၏ လုပ်ကြံချက်ကြောင့် ဟိကီသည် ကြိုးဒဏ်ခံသွားရခြင်းဖြစ်လေသည်။

တာအိုရှုအန်၏ 'ထေရုပ္ပတ္တိ'မှ ထုတ်နုတ်သော ယင်းအဖြစ်အပျက်သည် တာအိုယုအန်၏ 'မှတ်တမ်း'၌ ပါသည့်အကြောင်းအရာနှင့် တခြားစီဖြစ်နေသည်။ သို့ရာတွင် ရန်သူ၏လက်တွင်း၌ ဟိကီအာဇာနည် သူရဲကောင်းအဖြစ်ဖြင့် အသက်စွန့်သွားရသည် ဆိုသည့်အချက်ကိုမူ နှစ်ဦးလုံးပင် လက်ခံသဘောတူကြသည်။ ဗောဓိဓမ္မနှင့် သူ၏ပထမဆုံးသော တရုတ်လူမျိုးတပည့် ဟိကီ၏ဈင်တရားများ၌ ထိုခေတ်က သမားရိုးကျ ဗုဒ္ဓဘာသာဝင်တို့

mgyoe.com

mgyoe.com


လက်မခံနိုင်သည့် အချက်အလက်များ ရှိမည်ဆိုသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။ ဈင်ဥသျှောင်တို့သည် ထိုခေတ်က များသောအားဖြင့် တရုတ်ဘာသာဖြင့် ဘာသာပြန်ဆိုထားသော ခေတ်စားပြန့်ပွားနေသည့် သုတ္တန်များ၊ ဓမ္မကျမ်းဂန်များနှင့် ဆန့်ကျင်ဘက်အားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အဇ္ဈတ္တသန္တာန်၌ အမှန်တရား သိမြင်ပွင့်လင်းသွားစေမှုကို အလေးအနက်ပြုကြလေသည်။ ဈင်ဥသျှောင်တို့၏ ယင်းလုံ့လပြုချက်ကို အယူသီးများနှင့် စာအုပ်ကြီးသမားများက လက်မခံကြပေ။

## ဟိကီ၏တရား

ဗောဓိဓမ္မအရှင်ကဲ့သို့ပင် ဟိကီလည်း စာပေကျမ်းဂန်တစ်စုံတစ်ရာကို ရေးသားမထားခဲ့ပေ။ သို့ရာတွင် သူတို့၏ ထေရုပ္ပတ္တိအရ သူတို့နှစ်ဦး၏ တရားစကားများကို တပည့်များက စုပေါင်းထိန်းသိမ်းထားကြောင်း သိရှိရပေသည်။ အောက်ပါကောက်နုတ်ချက်၌ ဟိကီ၏တရားစကား အရိပ်အမြွက်ပါရှိသည်ကို သိရှိရပေသည်။

ဆိုင်အမည်ရှိ တပည့်ဥပါသကာတစ်ဦးက ဟိကီထံသို့ ဤသို့ စာတစ်စောင်ရေးသားခဲ့သည်။

> "အရိပ်သည် ကိုယ်ခန္ဓာ၏နောက်သို့ လိုက်သည်။ ပဲ့တင်သံသည် အသံမှပေါ်ထွက်လာသည်။ အရိပ်ကိုရှာနေသောသူသည် ကိုယ်ခန္ဓာမောပန်းရုံသာ ရှိသည်။ ကိုယ်ခန္ဓာက အရိပ်ထွက်သည်ဆိုသည်ကို မသိပေ။ အသံထုတ်ပြီး ပဲ့တင်သံကို ရပ်ဖို့ ကြိုးစားနေသူသည် အသံသည် ပဲ့တင်သံ၏ အကြောင်းတရား ဖြစ်သည်ဆိုသည်ကို နားမလည်ပေ။ [ထိုနည်းအတိုင်းပင်] အလိုဆန္ဒကို ဖြတ်တောက်ပြီး နိဗ္ဗာန်ကို ရှာမှီးသူသည် မူရင်းကိုယ်ခန္ဓာမှအပ ဖြစ်သော တခြားနေရာတွင် နိဗ္ဗာန်ကို ရှာမှီးသူနှင့် တူလေသည်။ သတ္တဝါတို့၏ သဘာဝမှ တသီးတခြားဖြစ်သည်ဟု အထင်ရှိပြီး ဗုဒ္ဓအဖြစ်ကို လိုလားတောင့်တသူသည် မိမိ၏မူရင်းအသံကို ပိုကျယ်အောင်လုပ်ပြီး ပဲ့တင်သံကို ရပ်ပစ်ဖို့ ကြိုးစားသူနှင့်

mgyoe.com